ဘမိတို့က။ ဆိုင်ရာမဟုတ် သူစိမ်းချင်း လက်ထပ်ပေးမြားမည်ဂတိထားကြပြီးမှ။ယောကျ်ားပျက်ကွက်ချေသော်။မိန်းမဝတ်သင်ဓိုင်း၁။မိန်းမခေါင်းပေါင်း၁။ချင်းထဘိ၁။ ဘီး၁အဘိုး၄ပဲတန်။ မှန်၁အဘိုး၃တန်များကို။ ဂတိပျက်သူယောကျ်ားဘက်က။ မိန်းမသို့ပေးလျော်စေ။ အဝတ်အထည် များအဘိုးမှာ ပထမပိုင်းတွင် ရှိလေပြီ။ မိန်းမပျက်ကွက် ချေလျှင်လည်း။ ယောကျ်ား၀တ်သင်ဓိုင်း။ ချင်းခေါင်းပေါင်း။ ချင်းပုဆိုးများကို။ ပေါ်ပြန်သူမိန်းမဘက်ကပေးလျော်စေဟူ၍ထုံးစံတရားရှိချေသည်။

၁၆။ "လက်ထပ်ရန် ဂတိထားကာမျှမဟုတ်။ လက်ထပ်ရန်ပြုပြင်။ ဝက်သဲဝက်အူကြည့်ရှု။ ကာမ ရောစပ်ပြီးမှ။ ဖေါက် ပြန်ပျက်ကွက် သော်။ ပေးလျော်ထိုက်ခြင်းတရားလမ်း။"

ထိမ်းမြားလက်ထပ်မည်ဂတိထားကာမျှသာမဟုတ်။ ဝက်သဲဝက်အူကြည့်ရှု။ ကာမရောစပ်ပြီးမှ ယောကျ်ားဘက်က ပျက်ကွက် ချေသော်။

ငင်း။မိန်းမဘက်ကပျက်ကွက်ချေသော်ငင်း။ဝက်သဲကြည့်ရှုရာကုန်စရိတ်ကို။ပျက်ကွက်သူက။ မပျက်သူသို့ပေးလျော်စေ။ဝက်သဲကြည့်ရှုပြီးမှပျက်ကွက် ချေသော ကြောင့်။ ဝတ်စုံတစုံနှင့်သာ အလျော်ပြုငြိမ်းသင့်သည်မဆိုသာ။ယောကျ်ားပျက်ကွက်လျှင်။ ယောကျ်ားတကိုယ်ဘိုးဒဂိါး ၂၀ိပေးလျော်စေ။ မိန်းမပျက်ကွက်လျှင်လည်း။ မိန်းမတကိုယ်ဘိုးငွေဒဂိါး ၂၀ိပေးလျော်စေ။ လက်ထပ်ရန်ပြုပြင်ကျကုန်သည့်စရိတ်ကိုလည်း။ အလျော်ပေးရချေသောကြောင့် ကင်းလွတ်သင့်သည်မဆိုသာ။ လက်ထပ်မဂ်လာပြုရန်။ ဝက်သဲကြည့်ရှုရန်။ပြင်ဆင်ရသည့်ကုန်စရိတ်ကို။ဖေါက်ပြန်ပျက်ကွက်သူက။မဖေါက်မပြန်မပျက်မကွက်သူသို့ပေးလျော်စေ။

၁၇။ ။လက် ထပ်ရန် ဂတိထား၌။ လက် ထပ် ပစ္စည်း များကို ပြုပြင်။ ကာမ ရောစပ်၌ သန္ဓေ စွဲကပ်ပြီးမှ။ ဖေါက်ပြန်ပျက်ကွက်ချေသော်။ အလျော်ပေးထိုက်ခြင်း တရား လမ်း။

လက်ထပ် မဂ်လာပြုရန် ပြောဆိုဂတိထားရှိကြသည့် နောက်။ ကာမ ရောစပ်သန္ဓေစွဲကပ်ပြီးမှ။ ယောကျ်ားသစ္စာဖျက်၍ ဂတိဖေါက်ပြန်ခဲ့ချေသော်။ ငွေဒဂိါး၀ိပေးလျော်စေ။ ကာမရောစပ်သန္ဓေစွဲကပ် ကျူးလွန်ပြီးဖြစ်ထျက်။မိန်းမဘက်ကဖေါက်ပြန်ပျက်ကွက်ချေသော်။ မိန်းမနည်းအလျော်၀ိ၀ိ ရကောင်းသည်မဆိုသာ။ ထျော်ငွေ ၂၀ိနှင့် လက်ထပ်ရန်ပြုပြင်သည့်ကုန်စရိတ်ကိုသာ။ ပျက်ကွက်သူမိန်းမဘက်ကကျခံပေးလျော်စေ။ အဘယ်ကြောင့်နည်းဟူမူကား။ ကိုယ်ရေနွမ်းရချေသောကြောင့်တည်း။

၁၈။ ။ဆိုင်ရာမောင်နှမသားမြေးမြစ်ချင်း။လက်ထပ်ရန်ပြောဆိုပြင်ဆင်။ ကာမရောစပ်ပြီးမှ။ဖေါက်ပြန်ပျက်ကွက်ချေသော်။ အလျော်ပေးရန်ပူဖော်ရန်တရားလမ်း။

ဆိုင်ရာ ယောကျ်ား မိန်းမတို့ ချင်း။ ထိမ်မြားလက် ထပ်ရန် ပြောဆိုပြင်ဆင်။ကာမရောစပ်ပြီးမှ။ ယောကျ်ားဖေါက်ပြန်ပျက်ကွက်ချေသော်။ ဆွေမျိုးချင်းဖြစ်၍ငွေဒဂိါး၀ိ၀ိနှင့်။ နွားဘအတိုးငွေ၀ိ၀ိတန်အပြင်။ ၅ဆုပ် ဝက် ဘအတိုး၀ိ၀ိတန်။ ခေါင်း၅ဖူးအတိုးငွေ၂၀ိတန်။ ကြွေပြား ဘအတိုး ၀ိတန်များကို။ထပ်လောင်းပေးလျော်စေ။ သန္ဓေကိုယ်ဝန်ရှိကငွေဒဂိါး ၀ိ၀ိ။နွားတိုး ၂ ။ တကောင်လျှင်အတိုး၀ိ၀ိတန်။ ကြွေးပြား။ခေါင်ဖူး။ ၅ဆုပ် ဝက်ဘ။များကိုပေးလျော်စေ။ကာမရောစပ်၍သန္ဓေရှိလျက်။မိန်းမဘက်ကပျက်ကွက်ချေသော်။ ငွေဒဂိါး၀ိ၀ိပေးလျော်စေ။ နွားနှင့်ကြွေပြား။ဝက်။ ခေါင်ဘူးများမှာလပ်စေ။ အဘယ်ကြောင့်နည်း ဟူမူကား။ မောင်ကပေးသည့်ဝက်သားကို။နှမစားမြဲမဟုတ်သည်တကြောင်း။မောင်ဘက်ကပေး

လျော်သည့်နွားကြွေးပြား။ခေါင်းဘူးများကို။နှမဘက်ကလက်ခံယူစားမြဲထုံးဟောင်းမရှိသည်တကြောင်း။ မောင်သို့းတွင်ကိုယ်ရေနွမ်းရသည် တကြောင်း။ ၎င်အကြောင်းများကို ထောက်၍။နွား။ဝက်။ခေါင်ဘူး။ကြွေပြားများကို။မိန်းမဘက်ကအပေးအလျော်ကင်းလွတ်ချေသတည်း။

၁၉။ ။ဆိုင်ရာမောင်ရင်း နှမရင်းတို့မြေးမြစ်လက်ထက်။ လက်ထပ်ရန်ပြုပြင်၍။ကာမရောစပ်ပြီးမှဖေါက်ပြန်သော်လည်း။ ဆိုင်ရာမောင်ရင်းမရှိက။ နွား၂ အပူဖေါ်မုခဲထိုက်သည့်အကြောင်းတရားလမ်း။

ဆိုင်ရာမောင်ရင်း။ နှမရင်းသားသို့းတို့နောက်။ မြေးမြစ်တို့လက်ထက်ကျရောံမှ။ဆိုင်ရာလိုချင်းကာမရောစပ်ပြီးလျှင်။ ယောကျ်ားဖေါက်ပြန်ချေသော်။ ဆိုင်ရာမောင်ရင်းမရှိသည်ဖြစ်၍။နွား၂ ရကောင်းသည်မဆိုသာ။ နွားထီးဝအဘိုးဝ၀တန်နှင့်။ ၅ဆုပ်ဝက်ဝအဘိုးဝ၀တန်။ ခေါင်ဘူး၅အဘိုး၅ဝဲတန်။ ကြွေပြားဝအဘိုးဝဲတန်များကို။ ၂ ဆက်ပျက်မြေးယောကျ်ားက။အလျော်ငွေ၆၀နှင့်တကွပေး လျော်စေ။ ၃ဆက်ပျက်မြစ်ဖြစ်လျှင် အလျော်ငွေ၉၀နှင့်တကွပေးလျော်စေ။ သားမြေးတို့လက်ထက်တလွှဲသို့စီပျက်ကွက်ပြီး၍။မြစ်လင်ထက်တွင် ယောကျ်ားပျက်ကွက်ပြန်ချေသော်။ အလျော်ငွေရင်း၃၀နှင့်နွားဝ။ ဝက်ဝ။ခေါင်ဘူး၅။ကြွေပြားဝများကိုထပ်လောင်းပေးလျော်စေ။ သန္ဓေ ကိုဝန်ရှိပြီးမှ ယောကျ်ား ပျက်ကွက်လျှင်။ သန္ဓေအတွက်အလျော်ရင်းတွင်။ ငွေဒဂိါး၃၀ထပ်လောင်းပေးလျော်စေ။

၂၀။ ။မိန်းမဘက်ကဖေါက်ပြန်ပျက်ကွက်သော်လည်း။နွားနှင့်ဝက်များကိုယောကျ်ားဘက်ကမရမယူထိုက်ခြင်းတရားလမ်း။

သန္ဓေကိုယ်ဝန်ရှိလျက်ဖြစ်စေ။ ကာမရောစပ်ခါမျှနှင့်ဖြစ်စေ။ မိန်းမဘက်ကပျက်ကွက်ချေသော်။ အထက်ပုဒ်မတွင်ပြမှာ သည့်လျော်ကြေးပြင်ထပ်လောင်းပေးလျော်သင့်သည်မဆိုသာ။အဘယ်ကြောင့်နည်းဟူမူကား။ မောင်ရင်းဘက်ကပေးလျော်သည့်နွား။ဝက်။ခေါင်ဘူး။ ကြွေပြားများကို။နှမရင်းနှင့် ၎င်းကဖေါက်ပျိုးသည့်သားမြေးတို့ လက်ခံစားယူမြဲထုံးမရှိသည်တကြောင်း။၎င်းပြင်ကိုယ်ရည်နွမ်းရိရသည်တကြောင်းများကိုထောံ၍။မိန်းမဘက်ကကင်းလွတ်ချေသတည်း။

၂၁။ ။မိန်းမတွင်လင်သေသည့်နောံ။လင်ဇာတိညီအစ်ကိုတို့ကလိုပ်ပြာခေါ်သည့်အခါ။ ဆိုင်ရာ၌နေသည့်အတိုင်း လက်ထပ်ရန်ပြောဆိုသင့်ခြင်း။ မပြောလျှင် ဆိုင်ရာအပြစ်မှပြတ်ကင်းထွက်သွားသင့်ခြင်းတရားလမ်း။

မိန်းမတွင်လင်သေ၍။ သေသူ၏ညီအစ်ကိုတို့ တွင် မယားမရှိ သော ကြောင့်ဆိုင်ရာဖြစ်လေသော်။ သေသူ၏ အလောင်းကိုချပြီးနောက် ၃နှစ်

အာတွင်း။သေသူလိပ်ပြာကိုခေါ်ယူသည့်အခါ။ အိုးအိမ်မပျက်မစီးအောင်။ သေသူ၏ညီအစ်ကိုများနှင့် ဆက်လက်လိုကြောင်း ကို ပြောဆိုရမည်။ထင်းအခါတွင်မပြောမဆို။နောက်လိပ်ပြာခေါ်ပြီးမှပြောဆိုချေသော်။မိန်းမသဘောမတူလျှင်ဆိုင်သည်မဆိုသာပြတ်ကင်းစေ။ပြတ်ကင်းသည့်နောက်။ ရှိပစ္စည်းနှင့်သားသမီးများပါဝဲဆောင်ယူ၍။ ထိုမိန်းမသည်။ မိရင်း။ဘရင်း။ မောင်ရင်း။ ဆွေမျိုးရင်း တို့ထံပြန်သွား။ လင်ချန်နှတ်ကထွက်နိုင်သည်။ ဆိုင်ရာကင်းလွတ်စေ။

၂၂။ "လိပ်ပြာခေါ်သည့်အခါ။ သေသူ၏ ညီအစ်ကိုတို့က လက်ထပ်ရန်ပြောဆိုပါလျက်။ မိန်းမငြင်းပယ်ထွက် သွားသော်။ ရှိပစ္စည်းကို သိမ်းယူပိုင်ခြင်း။ သားသမီးတို့ကို ခေါ်ထားနိုင်ခြင်းသည်။မနေလိုမပျော်ပိုက်ကမခေါ်ရခြင်းတရားလမ်း။

လင်လိပ်ပြာကိုခေါ်သည့်အခါ။ သေသူလင်ယောကျ်ား၏ညီအစ်ကိုမယားမရှိသူတို့နှင့်။ ဆက်လက်လိုသည်ပြောဆိုပါလျက်။ မိန်းမငြင်းပယ်ထွက်သွားချေသော်။ သေသူလင်ယောကျ်ားရှိသည့်အတွင်း။ ဖြစ်ထွန်းရှိသည့်အိမ် ထောင်ပစ္စည်း သက်ရှိ သက်မဲ့ဥစ္စာများကို။ သေသူညီ အစ်ကိုတို့ကသိမ်းယူ၍။ငင်းတို့ဦးယူချန်နှတ်မှ ခွါထုတ်လိုက်ရမည်။ သားသမီးများရှိလျှင်လည်းခေါ်ယူထား နိုင်သည်။ မနေလို မပျော်ပိုက်က အနိုင်မခေါ်မထားရ။ အမိနောက်သို့လိုက်လိုကလိုက်နိုင်သည်။ ပစ္စည်းမရှိသော်လည်း။အလျော်ပေးမြဲမဟုတ်ချေ။

၂၃။ "မိန်းမတွင် လင်သေဆုံးသည့်နောက်။ လင်လိပ်ပြာကိုမခေါ်မီလင် ယူချေသော်။ ရှိပစ္စည်းကို သေသူ၏ညီအစ်ကိုတို့သို့ အလုံး ပေးကမ်း ရသည့်ပြင်။ ၅ဆုပ်ဝက်၁။ ခေါင်း၅ဘူးများနှင့်ပူဇော်ထိုက်ခြင်းတရားလမ်း။

လင်သေဆုံးသည့်နောက်။ချန်နှစ်လမလွန်မီ သေသူလိပ်ပြာကိုမခေါ်မီ။ ဆိုင်ရာမဟုတ်အလွတ်သူနှင့်လင်ယူချေသော်။ ရှိပစ္စည်းများကို။ သေသူ၏ညီအစ်ကိုတို့ အနက်ဆိုင်ရာလူသို့ စုပုံပေးကမ်းရသည့်ပြင်။ အရှက်ပြေအောင်ဝက်၅ဆုပ်၁။ခေါင်း၅ဘူးများနှင့်ပူဇော်စေ။

၂၄။ "မိန်းမတွင်လင်သေဆုံး ၍။ သေသူလင်ယောကျ်ား၏ညီအစ်ကိုမယားမရှိသူနှင့်လက်ထပ်ပါမည်မိန်းမ ဆိုလျက်။ယောကျ်ားပျက်ကွက်ချေသော်။အလျော်ပေး၍ဆိုင်ရာပြတ်ကင်းထိုက်သည့်တရားလမ်း။

သေသူယောကျ်း၏မယားက။ သေသူ၏ညီအစ်ကို မယားမရှိသူတို့နှင့်ဆက်လက်ပါမည် ဆိုလျက်။ အလွတ်သူ ညီအစ်ကိုတို့က မဆက်လိုငြင်းပယ်ပျက်ကွက် ချေသော်။ ဆွေမျိုးတို့ပျက်နှာကို မထောက် အစဉ်ထုံးစံကိုပျက်ကွက်သူဖြစ်၍။ ငွေ၃၀ပေးလျော်စေ။ ဆိုင်ရာ လည်းပြတ်ကင်းစေ။

၂၅။ "လင်ယောကျ်ားတွင်မယားသေရာ။အလွတ်သူ မရိုးခယ်မတို့နှင့်။ ဆိုင်ရာဒုနိသည့်အ တိုင်းဆက်လက်ရန်။ယောကျ်မဲထံပန်ကြားသင့်ခြင်း။လက်မဆက်သော်လည်း။မရိုး ခယ်မတို့က အလျော်မရှိ။ ဆက်လက်လိုကြောင်းနှင့် မကြားမပြောဘဲ မယားယူ သော်။ပူဇော်ထိုက်ခြင်းတရားလမ်း။

လင်ယောကျ်ားတွင်မယားသေ၍။ အလွတ်သူမရိုးခယ်မတို့နှင့်ဆက် လက်လိုကြောင်းပြောဆိုရာ။ ဆက်လက်လိုလျှင် ဆက်လက်နိုင်သည်။ မ ဆက်လိုက။ ဆက်လက်ကောင်းစေမဆိုသာလပ်စေ။ ယောကျ်မထံဖြစ် စေ။ ယောကျ်ဘထံဖြစ်စေ။ အခြားမိန်းမနှင့် ဆက်လက်လိုကြောင်းကိုအ ခွင့်ပန်၍။အခြားမိန်းမနှင့်ဆက်လက်နိုင်သည်။ မရိုးခယ်မရှိသည်ဖြစ်စေ။ မရှိသည်ဖြစ်စေ။ ယောကျ်မနှင့်ယောကျ် ဘတို့ထံအခွင့် မပန်ဘဲမယားမ ယူရ။ အခွင့်မပန်ဘဲယူချေသော်။ခေါင် ၅ဘူး။ဝက် ၅ဆုပ်ခများနှင့်ပူဇော် စေ။အဘယ်ကြောင့်နည်းဟူမူကား။ အမျိုးထုံးစံကိုဖျက်၍။ မပန်မကြား မယား ယူချေသောကြောင့်တည်း။ ယောကျ်မနှင့်ယောကျ်ဘတို့ကလည်း။ အခွင့်ပန်သည့်အခါ။ခယ်မနှင့်ဖြစ်စေ။မရိုးနှင့်ဖြစ်စေ။ဆက်လက်ရမည်။ မဆက်လိုလျှင် မဆက်နိုင်ကြောင်းကို ပြန်ကြား၍။ အလွတ်သူနှင့်ဆက် လက်ရန်အခွင့်ပေးရမည်။မဆက်လက်က။အခွင့်မပေးသော်လည်းအခြား မိန်းမကိုယူနိုင်သည်။

၂၆။ "လင်ဖြစ်စေ။မယားဖြစ်စေ။ သေဆုံးရာ။အလွတ်သူမတ်ခဲအို။ မရိုးခယ်မတို့ရှိက။သူ စိမ်းဖြစ်သည်။ ဆိုင်ရာဆွေမျိုးဖြစ်သည်ဟူ၍ မကွဲမပြား။ အတူဆိုင်ပိုင်ခြင်းတရား လမ်း။

လင်မယားလက်ထပ်သည့်နောက်။ မယားဖြစ်စေ။လင်ဖြစ်စေ။ သေ ဆုံး၍။ဆိုင်ရာပြုလုပ် ဆက်လက်ရန် အကြောင်းမှာ။ မောင်ရင်း နှမရင်း တို့သားသိုးချင်းဖြစ်စေ။ သူစိမ်းသားသိုးချင်းဖြစ်စေ။ တရားထုံးစံခြားနား သည်မဆိုသာ။အတူဆိုင်ပိုင်ကြလေသည်။

အခန်း ၃။

လက်ထပ်ရန်မှန်သော်လည်း။အထူးသူနှင့် အခွင့်ပေးရန်အကြောင်း။

၂၇။ "မောင်နှမသားသိုးချင်းလက်ထပ်ရန်ဆိုင်ရာမှန်သော်လည်း။ အရွယ်မတူမမျှက။ပန် ကြားပြောဆို၍လက်သပ်လင်မယားပေးယူနိုင်ခြင်းတရားလမ်း။

ဘမိတို့က၊ ဆိုင်ရာပြု၍အပ်နှံသူမောင်သိုးနှမသားတို့သည်။လက်ထပ် ရန်ဆိုင်ရာဖြစ် ကြလေ၏။ ဆိုင်ထိုက်သောယောကျ်ားမိန်းမတို့ အရွယ်

မတူမမျှ။ယောကျ်ားကအရွယ်ရောက်၍မိန်းမအရွက်မရောက်။ မိန်းမအ
ရွယ်ရောက်၍ယောကျ်ားအရွယ်မရောက်ရှိခဲ့သော်၊ ဆိုင်ရာဖြစ်သည်ဟု။
အရွယ်ရောက်အောင်အရှည်အကြာ စောင့်နေနိုင်တော့မည်မဟုတ်။ အ
ရွယ်ရောက်သည့်အခါ။အိမ်ထောင်ဘက်ယူမြဲထုံးစံကို။ မည်သူမျှမဖျက်
နိုင်ချေသောကြောင့်။ နှမသားအရွယ်ရောက်၍မောင်သွီးအရွယ်မရောက်
ခဲ့သော်။ လက်ထပ်မယားယူထိုကြောင်းကို ဆိုင်ရာမောင်ထံ ပြောဆိုအ
ခွင့်တောင်းရမည်။ ထုံးစံနှင့်လျော်စွာအခွင့်တောင်း သည့်အခါ။ ဆိုင်ရာ
မောင်ကလည်းအခွင့်ပေးရမည်။ ထုံးစံဆိုသည်မှာ။ ခေါင်ဘူး ၅။ ဝက် ၅
ဆုပ်များနှင့်ဆောင်ယူပုဇော်၍၊အခွင့်တောင်းရမည်။အခွင့်တောင်းသည့်
အခါ။ဆိုင်ရာမောင်လည်းအခွင့် ပေးရမည်။ ထုံးစံအရ အခွင့် တောင်းပါ
လျက်။အခွင့်မပေးသော်လည်း လက်ထပ်မယားယူနိုင်သည်။အခွင့်မပေး
ဘဲယူချေသည့်အတွက်အပြစ်မဆိုသာ။ အံ့ဘယ်ကြောင့်နည်းဟူမူကား။
ထုံးစံနှင့်လျော်စွာ အခွင့်တောင်းပြီး ဖြစ်ချေသော ကြောင့်တည်း။ အခွင့်
တောင်းသော်လည်း။ ဆိုင်ရာမောင်တွင် အရွယ် ရောက်သည့် သွီးရှိ၍။
ဌင်းသွီးနှင့်ဆက်လက်မည်ဆိုပါလျက်နှင့်။ အခွင့်တောင်း လေပြိုဟုလက်
ထပ်မယားမယူရ။ယူချေသော်။ အလျော်ပေးရန် ထုံးစံတရားနှင့် အညီ။
ဆိုင်ရာမောင်နှင့် မိန်းမမကြေနပ်က။ ပေးလျော်စေ။ အခွင့်မတောင်းဘဲ
လက်ထပ်မယား ယူချေကလည်း။အလျော်ပေးရန်တရားရှိသည့်အတိုင်း
ပေးလျော်စေ။

၂၀။ ။ဆိုင်ရာမောင်သွီးအရွယ်ရောက်၍။ဆိုင်ရာနှမသား အရွယ်မရောက်သော်။ ပန်ကြား
ပြောဆို၍လင်ယူနိုင်ခြင်း။မပန်မကြားဘဲမယူရခြင်းတရားလမ်း။

မောင်သွီးအရွယ်ရောက်၍။နှမသားအရွယ်မရောက်သေးသည့်အခါ။
လက်ထပ်လင်ပေးမြဲးမည်ရှိခဲ့ ရာလည်း။ ဆိုင်ရာနှမကိုဖြစ်စေ။ နှမသား
ဆိုင်ရာတူကိုဖြစ်စေ။ မောင်နှင့်မောင်သွီး လက်ထပ်လင်ယူထိုသူတို့က
ကြား ပြောရ မည်။ ကြားပြော သည့် အခါ။ အရွယ် ရောက် သူ သား
ယောကျ်ားမရှိဘဲလျက်။ လက်ထပ် လင်မပေးမယူရဟု မတားမမြစ်ရ။
ယူရန်အခွင့်ပေးရမည်။ ကြားပြောလျက်အခွင့် မပေးသော်လည်းယူနိုင်
သည်။ထုံးစံနှင့်လျော်စွာမကြားမပြောဘဲ။ လက်ထပ်လင်ယူသည်ဖြစ်စေ။
ကြားပြောသော်လည်းအရွယ်ရောက်သူယောကျ်ားရှိလျက်။ အခွင့်မပေး
ဘဲလင်ယူသည်ဖြစ်စေ။ ပေးလျော်ရန်တရားပြမှာသည့်နှင့်လျော်စွာပေး
လျော်စေ။

အခန်း ၄။

လင်မယားကွာခြင်း၏အကြောင်း။

၂၉။ ။မယားကိုအပြစ်မဲ့နာကျင်အောင်ရိုက်နှက်သော်၊ မယားဆင်းသွားနိုင်ခြင်း။ဆိုင်ရာမောင်နှင့်ဘမိတို့ကခေါ်ယူနိုင်ခြင်းတရားလမ်း။

လင်မယားလက်ထပ်၍ အတူပေါင်း သင်း နေထိုင် သည့်အတွင်း။ ယောကျ်ားက။ မယားအပေါ်တွင်။ အပြစ်မဲ့ဆဲပြတ်အောင်ဆဲငေါ်။ ဝါးကွဲဒေခါင်ရိုက်နှက်။ သွေးထွက်အောင် ဒဏ်ရာထင်မြင် ရှိချေသော်။ ဘမိမောင်ဗွားတို့ရှိရာ။ ဆင်းသွားထိုကဆင်းသွားနိုင်သည်။မယားဖြစ်သည် မသွားရဟူ၍ မတားဝိုင်။ သွားထိုက ဆင်းသွားစေ။ မယား ကြေနပ်၍ မဆင်းမသွားသော်လည်း။ အဆိုက်ကရေးသားခဲ့သည့်အတိုင်း နာကျင်အောင်ရိုက်နှက်ကျူးလွန်ကြောင်းကို။ ဆိုင်ရာမောင်နှင့်ဘမိတို့ ကြားသိခေါ်ယူက။ လင်ဖြစ်သည်ဟူ၍မတားသာ။ အရိုက်ခံရသူမိန်းမလည်း။ မလိုက် မပါထိုကြေနပ် ပါသည်ဟူ၍ မနေသာ။ ဆိုင်ရာမောင်နှင့်ဘမိတို့ခေါ်ရာထိုက်ပါစေ။ အဘယ်ကြောင့်လိုက်ပါရသနည်းဟူမူကား။ လက်ထပ်မင်္ဂလာပြုကြရာ။ ဝါးကွဲ။ ဆံပြတ်။သွေးပေါက်သွေးမြင်။ အပြင်းအထန်။နာကျင်အောင်မပြုမလုပ်ပါဟု။ဆိုင်ရာမောင်နှင့်ဘမိတို့ထံ။ သစ်ခုပ်ခေါင်ညှတ်ပြု၍ခံဝန်ဂတိရှိသည်ကို။ဖေါက်ပြန် ကျူးလွန်ချေသောကြောင့် တည်း။

၃၀။ ။ရိုက်နှက်၍မယားဆင်းသွားနှင်းကွာ လိုလျှင်။ အလျော်ပေး၍ နှင်းကွာ ထိုက်ခြင်းတရားလမ်း။

ခေါ်ယူ လိုက်သွား သည့် နောက်၊ မယားက။ မိမိလင်ကိုမပေါင်းထိုနှင်းကွာလိုသည်ဆိုလျှင် နှင်းကွာစေ။ ယောကျ်ားဘမိ အိမ်တွင်ရှိနေသည့် အတွင်း ရိုက်နှက်၍ ဆင်းသွားနှင်းကွာရလျှင်။ ယောကျ်မဘမိတို့နှင့်လက်ရေတပြင်စီးဖြစ်၍။ လင်မယား၂ပါးစုံဝိုင်ပစ္စည်းမရှိသေးသောကြောင့်။ အခြားပစ္စည်းကိုမရမယူနိုင်။ လက်ထပ်ပေးမြားသည့်အခါ။ လက်ရောက်ပေးသွဲသည့်ပစ္စည်း။ဦးယူခုန်နတ်သွင်းသည့်အခါ။ယောကျ်မကပေးကမ်း၍လက်ရောက်ရသည့်ပစ္စည်းများကို။ ဂတိဖေါက်ပြန်၍။ နာကျင်အောင်အပြုခံရသည့်အတွက်။ မိန်းမကအလုံးရစေ။ အရွယ်ရောက်သည့်သားသွီးတို့မှာပျော်ရာနေနိုင်သည်။အရွယ်မရောက်မိ။ဘမိထံထိုက်

ပါရှိနေသည့်သားသိမ်းတို့ကို။ အဘကပေးကမ်းကျေးမွေးရမည်။ အရွယ်ဆိုသည့်အကြောင်းမှာ။စေခိုင်းရောကိုမလုပ်မကိုင်နိုင်မိ။ ၇နှစ်အရွယ်သို့မရောဝံမိ။ဆိုလိုသည်။

၃၁။ ။မယားကို။ လင်ရိုက်နှက်၍လက်ခြေကျိုးပျက်ရှင်းကွာရသော်။ အလျော်ပေးထိုက်ခြင်းတရားလမ်း။

လင်ရိုက်နှက်၍။လက်ခြေကျိုးပျက်မလုပ်မကိုင်နိုင်အောင်ရိုက။ ရှင်းကွာသည့်နောက်။ ငင်းမိန်းမမသေမိအကြောင်း။ လုပ်ကိုင်ကျွေးမွေးမည်သူကျန်ပိုင်၍။ ကျန်တယောက်လျှင်အဘိုးငွေ၄ဝိတန်ပေးလျော်၍။ ရှိဥစ္စာပစ္စည်းကိုမယားသို့စုပုံရှင်းကွာစေ။ မကျိုးမပျက်သော်လည်း။ဝါးကွဲ။ဆံပြတ်။ သွေးပေါက်သွေးရို။အပြင်းအထန်။ နာကျင်အောင် ရိုက်နှက်၍ရှင်းကွာရက။ယောကျ်ားဘမိတို့ဦးယူခုန်နတ်သွင်းရာ။အဘိုးဥဝိတန်မျှမပေးမဘွဲ့လျှင်။ငွေဥဝိလည်းလျော်စေ။သက်ရှိသက်မဲ့၂ပါးစုံပိုင်ရှိပစ္စည်းများကိုလည်း။မယားကအလုံးရစေ။ အဘယ်ကြောင့် နည်းဟူမူကား။ လက်ထပ်ကြရာသစ်ခုတ် ဆံ ညှာတ်ထားရင်း ဂတိကိုဖေါက်ပြန်၍။ အပြင်းအထန်နာကျင်အောင်ရိုက်နှက်ကျိုးပျက်ခြင်းကို။ခံရချေသောကြောင့်တည်း။

၃၂။ ။မယားကိုလင်ရိုက်နှက်၍။ဆိုင်ရာမောင်နှင့်ဘမိတို့ခေါ်ထားသည့်နောက်။မယားကြေနပ်၍ခေါ်ယူလိုသော်။ဆိုင်ရာမောင်နှင့်ဘမိတို့ကိုပူဇော်ရသည့်တရားလမ်း။

မယားကိုလင်ရိုက်နှက်၍။ဝါးကွဲ။ဆံပြတ်။သွေးပေါက်သွေးမြင်။ ပြင်းထန်စွာ။ နာကျင်ခြင်း။ အရိုးကျိုးပျက်၍ မလုပ်မကိုင်နိုင်အောင်နာကျင်ပျက်စီးခြင်းသို့ရောက်သော်လည်း။ ထိုမယားက။ မိမိလင်ကိုမရှင်းမကွာထိုး။ပေါင်းမြဲပေါင်းထိုပါသည်ဆိုလျှင်။ ဘမိနှင့်ဆိုင်ရာမောင်ကို။ အရိုက်ခံရသူ၏လင်ယောကျ်ားကတောင်းပန် ပြောဆိုရမည်။ တောင်းပန်ပြောဆိုသည့်အခါ။ခေါင်ဂဘူး။ ဝက်ဂဆုပ်။အဘိုးငွေ၁၇ဝိတန်ပါစေရမည်။ ငင်းပစ္စည်းနှင့်မကြေနပ်လျှင် နွားဒအဘိုးငွေဥဝိတန်ပါစေရမည်။ ခေါင်ဂဘူးနှင့်ဝက်ဂဆုပ်ဒ။ နွားဒအဘိုးငွေဥဝိတန်ပါလျက်။တောင်းပန်ပြောဆိုသည်ကို။မယားဘမိနှင့်ဆိုင်ရာမောင်ကမှကြေနပ်ဟူ၍မထည့်မပေးမနေသဒ။ မယားထိုက်ပါထိုလျှင်။ ထည့်ပေးထိုက်ပါခေါ်ယူစေ။ အဘယ်ကြောင့်နည်းဟူမူကား။ မယားကြေနပ်၍ ထိုက်ပါထိုသော့ကြောင့်။ ခေါ်ယူထိုက်ပါနိုင်သတည်း။

၃၃။ ။ဆိုင်ရာမောင်နှင့်ဘမိတို့က။။နွားး။ဝက်၊ ခေါင်းဘူးများကိုစားယူနိုင်သည့်အကြောင်း တရားလမ်း

ဘမိနှင့်ဆိုင်ရာမောင်တို့က။။ နွားး။ ဝက်။ ခေါင်ဘူးများကိုစားယူနိုင်သည့် အကြောင်းမှာ။။ လက်ထပ်မင်္ဂလာပြုကြရာ။ သစ်ခုတ် ဆံညှာတ်ပြု၍ထားသည့်ဂတိကို ဖေါက်ပြန်။ ဘမိနှင့်ဆိုင်ရာမောင်တို့ အရှက်ရခြေသောကြောင့်စားယူနိုင်သတည်း။

၃၄။ ။ရိုက်နှက်ရာ။သေဆုံးသည့်တရားလမ်း။

ရိုက်နှက်၍ သေဆုံး သည့် အကြောင်းမှာ။။ အလွန် ဆိုး သွမ်းသော သူဖြစ်၍။ ၎င်းလူ၏အပေးအလျော်အပူဇော်ကိုလည်း။ ဘမိမောင်ပွားတို့ မခံမစားထို။ အစိုးရမင်း အဖြစ်ပေး ရာခံစေ။ အဘယ်ကြောင့် နည်းဟူမူကား။ အပေး အလျော် အပူဇော် နှင့်မငြိမ်း ထို။ အစိုး ရမင်းအဖြစ် ထိုက်ရာစီရင်သည်ကိုခံစေထိုသောကြောင့်တည်း။

၃၅။ ။မယားဖေါက်ပြန်၌ အခြားလင်ငယ် ယူရာ။ ၅ငါးကွာ ဖြတ်ကင်း ထိုက်ခြင်း။ နှင့် ထုတ်နိုင်ခြင်းတရားလမ်း။

လင်နှင့်ပေါင်းသင်းနေထိုင်သည့်အတွင်း။ မယားဖေါက်ပြန်၍လင်ငယ်ယူသော်။အခြားယောကျ်ားနှင့်ဖြစ်မှားကျူးလွန်သော်။ တကြိမ်ဖြစ်လျှင်။ တံပြာကြိမ်လုံးဖြင့် သာမညဆုံးမ၍။ လင်ငယ် အပေါ်မှာသာ ထိုက်ရာပြောဆိုရမည်။ ၎င်းအကြောင်းနှင့်မပေါင်းထိုက်ကွာလိုက။ အပြင်းအထန်မရိုမနှက်ဘဲ မိန်းမဘမိထံ တိုင်ပြောပို့သက်ကွား ရမည်။ ၎င်းအကြောင်းနှင့်က်ငး ကွာရသော်။ မိန်းမဘမိက လက်ထပ်ရာပေးဘွဲ့ သည့်ပစ္စည်း။ ဦးယူခုန်နတ်သွင်းရာ။ ယောကျ်ား ဘမိကပေးဘွဲ့သည့်ပစ္စည်း။ ၂ပါးစုံလုပ်ကိုင်ရှာကြံ၍ရသည့် ပစ္စည်းများကို။ ယောကျ်ားအလုံးရစေ။ မိန်းမမှာ။ ပတိုးနှားခေါင်းကိုမှမရမယူနိုင်။ ခါးဝတ်ထဘီ။ ခါးဝတ်သင်ဧိုင်းများနှင့် သာဆင်းသွားစေ။ တကြိမ် ဖေါက် ပြန်လျှင်။ ဘမိထံတိုင်ပြော၍လင်ငယ်အပေါ်တွင်အမှုပြုလုပ်ပေါင်းနေသည့်နောက်။ ၎င်းမိန်းမထပ်မံဖေါက်ပြန် အခြား ယောကျ်ားနှင့် ကျူးလွန်ချေသော်။ တဘိကြိုးကိုဖြတ်ချတ်နောကျင်အောင်ရိုက်နှက်၍။ နေ့အိမ်မှ ဆင်းသွားရန်နှင်ထုတ်စေ။နှင်ထုတ်ဆင်းသွားရသည့်အခါ။ လင်ဖြစ်သည်ဥစ္စာကိုပိုင်သင့်သည်မဆိုသာ။ပိုင်ဆိုင်ခြင်းမှ ကင်းလွတ်စေ။ အဘယ်ကြောင့် နည်း ဆိုသော်။ လက်ထပ်မင်္ဂလာပြုကြရာ။အမျိုးဘာသာသစ်ခုတ်ဆံညှာတ်ပြု၍ ထားရင်းဂတိရှိသည့်ကိုဖေါက်ပြန်ချေသောကြောင့်တည်း။

၃၆။ ။လင်ယောကျ်ားပြောဆိုဆုံးမသည်ကို။ မယားမနာမယူ မလုပ်မကိုင် လင်ကိုရန်ဖွေတတ်ချေသော်။ ဝုတ်ခတ် ဆုံးမပိုင်ခြင်း။ဆုံးမသည်ကိုမျှမနာမယူသော်။ရှင်းကွာထိုက်ခြင်းတရားလမ်း။

လင်မယားပေါင်းသင်းနေထိုင်ကြသည့် အတွင်း။လုပ်ကိုင်နှိုင်းလောက်သည့်အရာကိုလုပ်ကိုင်စေရန်။ လင်စေခိုင်းလျက်။ မယားဖြစ်သူမလုပ်မကိုင်။လင်ဆြဲဇာကိုမနာမယူ။ လင်ကိုအကြောင်းမဲ့ရန်တွေ့ချေသော်။ ထံပြာကြိမ်လုံးဖြင့်။၃ကြိမ်တိုင် ဝုတ်ခတ် ဆုံးမစေ။နာကျင်အောင်ဝုတ်ခတ်သည်ဟူ၍မဆိုသာ။ အဘယ်ကြောင့် နည်းဟူမူကား။လင်စေခိုင်းသည်ကို မလုပ်မကိုင်၊ မိမိလင်ကို နားမခံသာအောင် ရန်တွေ့ တတ်ချေသောကြောင့်တည်း။ ၃ကြိမ်မြောက်ဆုံးမပါ လျက်မနာမယူထိုမိန်းမကျူးလွန်ချေသော်။ ခါးဝတ် ထည် ခြင်းနှင့်ဆင်းသွားရမည်ဟူ၍။လင်ယောကျ်ားနှင်ထိုလျှင်နှင်နိုင်သည်။ မနှင်ထိုလျှင်ဝုတ်ခတ်ဆုံးမမြဲဆုံးမနိုင်သည်။ နာကျင်အောင်ပြုလုပ်သည်ဟူ၍မဆိုသာ။ တံပြာကြိမ်လုံးဖြင့်နာကျင်အောင်ဆုံးမဝုတ်ခတ်စေ။ အဘယ် ကြောင်းနည်းဟူမူကား။ဝုတ်ခတ်ဆုံးမသည်ကိုမနာမယူဆိုးသွမ်းလွဿဖြစ်၍တည်း။

၃၇။ ။လင်မယားတို့တွင်အပြစ်မဲ့ရှင်းကွာထိုသူတို့က။အလျော်ပေးထိုက်ခြင်တရားလမ်း။

လင်အပေါ်တွင်မယားအပြစ်မဲ့ရှင်း ကွာထိုသော်။ ကိုယ်ဘိုးငွေ၂၅ ပြားလျော်၍။ လက်ထပ်မင်္ဂလာပြုလုပ်ရာ။ မယားဘမိပေးဘွဲ့ထိုက်သည့် ပစ္စည်းများကို။ယောကျ်ားသို့ရုပ်ပေးလျော်ရှင်းကွာစေ။မိန်းမအပေါ်တွင်အပြစ်မဲ့ဖြစ်လျက်။ယောကျ်ားရှင်းကွာထိုသော်။ကိုယ်ဘိုးခုဝိနှင့်မိန်းမဘမိပေးဘွဲ့ရင်းပစ္စည်း။ဦးယူခုန်နတ်သွင်းရာ။ ယောကျ်ားဘမိပေးဘွဲ့သည့် ပစ္စည်းများကို။အလုံးစုံပုံ၍မိန်းမသို့ပေးလျော်ရှင်းကွာစေ။

၃၈။ ။မယား ဂျီလျက်။ မယားငယ်ယူ၍မိန်းမရှင်းကွာရသော်။ အလျော်ပေးထိုက်သည့်တရားလမ်း။

လင်သည်မယားမကြေနပ်ဘဲ။ အခြားမိန်းမမယားငယ်ယူ၍။ မယားကြီးကရှင်းကွာထိုသော်။ယောကျ်ားဘမိအိမ်ထက်တွင်ရှိနေရင်းဖြစ်က။ ၂ပါးရုံပိုင် ပစ္စည်းနည်းငယ် သည်ကိုထောက်၍။ ယောကျ်ားကိုယ်ဘိုး ၂ဆဒဏ်၆ဝိပေးလျော် ရှင်းကွာပြတ် ကင်းစေ။ ဦးယူခုန် နတ်သွင်းရာ။ ယောကျ်ားဘမိက ပေးဘွဲ့သည့် ထိုးနွားပစ္စည်း အဘိုး၆ဝိတန် ထက်ပိုလျှင်။အလျော်ငွေ၆ဝိပေးလျော်စေ မဆိုသာ။ အလျော်ငွေ ခုဝိနှင့်ပြီးပြတ်း

စေ။အဘယ်ကြောင့်နည်းဟူမူကား။ ဘဒ္ဓိတိန်းအုပ်ရန်ရှိလျက်။ မတိန်းမ အုပ်မပြောမဆိုဘဲ။ဂေါက်ပြန်ကျူးလွန်ချေသောကြောင့်တည်း။

၃၉။ ။ဘမိအိမ်တွင် မဟုတ် အိမ်သီးခြားနေမှ၊ မယားငယ်ယူ၍ မိန်းမရှင်းကွာရသော်။ ပေးလျော်ရယူထိုက်သည့်တရားလမ်း။

အိမ် သီးခြား နေထိုင် သည့် အတွင်းမှ။ မယား ငယ်ယူချေသော်။ မ ယားကြီးကွဲလိုက။ ရှိပစ္စည်းကိုမယားကြီးသို့အလုံးစုပုံပေးကမ်း၍။ဆိုး မြို့ရှိသမျှကိုယောကျ်ားကကျခံရှင်းကွာစေ။ ဥစ္စာပစ္စည်းလည်းမရှိ။ တင် မြိလည်းယောကျ်ားခံရန်ရှိလျင်။ယောကျ်ားတကိုယ်ဘိုးခုပ်။မိန်းမသို့ပေး လျော်စေ။ ၂ ပါးစုံထိုင်ပစ္စည်းအဘို့း ၉ ပိတန်။သို့မဟုတ်ငင်းထက်ပို၍ရှိလျင်၊ အလျော်ရကောင်းသည်မဆိုသာလဲပ်စေ။

၄၀။ ။မယားကိုလက်ထပ်၍ခေါ် ယူဖြီးလျင်၊ အကြောင်းမဲ့ ဦးယူခုန်နတ် မသွင်းဘဲထား သော်။မိန်းမဘမိတို့ပြန်သိမ်းခေါ်ယူရှင်းကွာစေနိုင်သည့်တရားလမ်း။

လက်ထပ်မင်္ဂလာပြု၍မယားကိုခေါ်ယူထိုက်ပါသည့်နောက်။ လင်နှင့် ယောကျ်ားမတို့က။ ပါဂစ္စည်းနှင့်မယားပါ။ ဦးယူခုန်နတ် မသွင်းဘဲ တနှစ် ထက်ကျူးလွန်၍မထားရ။ တနှစ်စေ့အောင်လည်း။ငင်းအိမ်တွင်ကိုယ်ဝန် ဆောင်မိန်းမ မရှိကမထားရ။ ဦးယူခုန်နတ် မသွင်းဘဲ တနှစ် ကျော်ထား ချေသော်။ မိန်းမဘမိနှင့်ဆိုင်ရာမောင်တို့ကခေါ်ယူနိုင်သည်။မပေါင်းလို ကလည်း ရှင်းကွာနိုင်သည်။ ငင်း အချက်နှင့် ယောကျ်ားကမကွာလိုသ ဘောမတူလိုသော်။ သဘောတူရှင်းကွာသည့်နည်းရှင်းကွာရာ။ ကုန်စ ရိတ်ကိုညီမျှခံ၍။ ပါပစ္စည်းကိုပါ ရင်းရှင်ရယူ ပြတ်ကင်းနိုင်ရန်။ အစဉ် ထုံးစံရှိချေသည်။ အဘယ်ကြောင့် နည်းဟူမူကား။ အစဉ်ထုံးစံရှိသည် ကိုမထိုက်။ ဦးယူခုန်နတ်သွင်းမြဲကိုမသွင်းချေသောကြောင့်တည်း။ကိုယ် ဝန်ဆောင်သောမိန်းမအိမ် တွင် မရှိ၍ခုန်နတ်မသွင်းသော်လည်း။ မယား ကိုခေါ်ယူသည့်နောက်။ မြေလှုပ်ခြင်း။ နေကျပ်ခြင်း အကြောင်းရှိ၍ ခုန် နတ်မသွင်းက။ ခုန်နတ်မသွင်းဘဲအရှည်ထားလေသည်ဟုမဆိုသာ။ ထား နိုင်သည်။ ထား သည့် အတွက်အပြစ်မဆိုရ။

၄၁။ ။ဦးယူခုန်နတ်သွင်းပြီးနောက်။ ယောကျ်မအိမ်တွင်အခြားခြွေးမမရှိဘဲလျက်။ ဆင်း သွားလို၍။မဆင်းရသော်ကြောင့် ရှင်းကွာရသော်။ အလျော်ပေး၍ခွင်းကွာထိုက် ခြင်းတရားလမ်း။

လက်ထပ်မင်္ဂလာပြု၍ မယားကို လင်၏ ဘမိအိမ် သို့ခေါ်ယူပါသွား သည့်နောက်။ဦးယူခုန်နတ်တွင်။သားရင်းသို့မဟုတ်ရင်းတို့နည်း။လင်ဘမိတို့က

ကြည့်ရှုပါလျက်။ခြွေးမက။ယောကျ်မအိမ်ထဲတွင်မနေထိုင်သည်ဟု ပြောဆိုအခွင့်တောင်းခဲ့သော်။ ယောကျ်မ မတွင်။ ၎င်းခြွေးမပြင်အိမ်ထက်နေခြွေး မမရှိက။ နှစ်ပေါင်းမည်မျှပင် ရှည်ကြာသော် လည်း။ ယောကျ်မ မသဘော မတူက မဆင် မသွားနိုင်။ မဆင်းမသွားရသည့် အကြောင်းနှင့်။ မိမိလင်ကိုမပေါင်းထိုး။ မယားဆင်းသွားချေသော်။ လက်ထပ်ရာပါရှိ၍ ဦးယူခုန်နတ် သွင်း ထား သည့် ပစ္စည်း များ ကို။ လင် ယောကျ်ားကအလုံးရယူ။မယားကကိုယ်တိုင်ငွေ့ ဈေး ထျော်၍ရှင်းကွာစေ။မပေးမထျော်ချေသော်။မရှင်းမကွာမဆင်းမသွားရ။

၄၂။ "ယောကျ်မဆိုးသွမ်းလျှင်။အရပ်အိမ်နည်းချင်းတို့ထံ၃ကြိမ်မြောက်တိုင်ပြော၍။ ထပ်မံဆိုးသွမ်းလျှင်။ လင်ကိုခေါ်ယူသိမ်းခြောနေထိုင်ရန်။ ယောကျ်မအိမ်ကဆင်းသွားနိုင်သည်တရားလမ်း။

ခြွေးမကိုခေါ်၍ ယောကျ်မအိမ်သို့ထိုက်ပါ။ ဦးယူခုန်နတ် သွင်းထား ဖြီးနော်။ ယောကျ်မက။ ၎င်းခြွေးမ စားသောက် ဝတ်ဆင်သည်ကို။ မကြည်မဖြူသားသို့ရင်းတို့ကဲ့သို့မဝတ်မဆင်မစားမသုံးရ ရှိခဲ့၍။ ၎င်းအိမ်တွင်ခြွေးမမပျော်မနေလို။ လင်နှင့်သိမ်းခြောနေထိုင်သည်ဆိုသော်။အရပ်အိမ်နီးချင်းတို့ကို။ယောကျ်မမကြည်မလင်ပြုလုပ်ကြောင်းနှင့်။ ၃ကြိမ်မြောက်တိုင်ပြောပြ သပြော ဆိုစေ။ ၃ကြိမ်မြောက်တိုင်ပြော ပြသပြော ဆိုဖြီးနောက်။အထက်နည်းယောကျ်မပြုချေသော်။မယားသိမ်းခြောနေထိုသည့်အတိုင်း။လင်ယောကျ်ားလိုက်၍ သိမ်းခြား နေထိုင်စေ။ ခြွေးမတယောက်မရှိသေ၍မဆင်းသင့်မဆိုသာ။ ဆင်းသွားလိုက်ပါစေ။အဘယ်ကြောင့်နည်းဟူမူကား။ မိမိအိမ်သို့ထိုက်ပါသည့်ခြွေးမကို။ သားသို့တို့နည်းမကြည်မဖြူ။မဝတ်မဆင်။မစားမသုံးရချေသောကြောင့်တည်း။

၄၃။ "ယောကျ်မ ညှင်းပမ်းနှိပ်စက်၍။ ၃ကြိမ်မြောက်တိုင် ပြောပြီးမှ။ ခြွေးမဆင်းသွားလင်ကို ခေါ်ရာ။ မလိုက် မပါ၍ ရှင်းကွာရသော်။ အလျော်ရထိုက်ခြင်းတရားလမ်း။

ယောကျ်မဆိုးသွမ်း၍။ သားသို့ရင်းတို့နည်း။ မဝတ်မဆင်မစား့မသုံးရသောကြောင့်။ အရပ်အိမ်နည်းချင်းတို့ထံ။ ၃ကြိမ်မြောက် တိုင်ပြောပြသပြောဆိုပါလျက်။ ယောကျ်မဘာမိတို့ အထက်နည်းပြုမြဲပြုပြန်၍။ ၎င်းအိမ်တွင်မယားမနေလို။သိမ်းခြားနေရန်လင်ကိုခေါ်ရာ။ မလိုက်မပါသောကြောင့် မယားရှင်းကွာလိုသော်။ လက်ထပ်မင်္ဂလာပြုရာ။ ပေးစွဲပါရှိသည့်၂ပါး ရုံဝိုင်ပစ္စည်း။ ဦး ယူခုန်နတ်သွင်း ရာ။ ယေန့ကျွဲး ဘမိ က ပေးစွဲသည့်ပစ္စည်းများကို။ မယားအလုံးရယူ၍ ရှင်းကွာစေ။ ဦးယူခုန်

နတ်သွင်းရာ။ ယောကျ်ားဘမိကပေးဘွဲ့သည့်ပစ္စည်းအဘိုးငွေ၃၀တိတန်မျှ မရှိလျှင်။ ယောကျ်ားကိုယ်ဘိုးငွေ၃၀လည်း။ မိန်းမသို့ပေးလျော်စေ။ အဘယ်ကြောင့်နည်းဟူမူကား။ လင်ယောကျ်ားသည့် ၎င်းဘမိနှင့်သဘော တူပြီလုပ်။မယားကိုညှဉ်းဆဲရာရောက်ချေသောကြောင့်တည်း။

အခဏ် ၅။

လင်မယားထိမ်းမြားပြီးနောက်။ မင်္ဂလာကြီးမဆောင်မီ မယားသေဆုံးရာ။အလောင်းကိုမချမီ။ ထုံးစံမပျက်အောင်မင်္ဂလာကြီးထပ်မံ ဆောင်ရမည့် အကြောင်း။

၄၄။ "မင်္ဂလာကြီးမဆောင်မီ မယားသေဆုံးသော်။ မယားမောင်နှင့်ဘမိတို့ကို ကျေနပ် အောင်မင်္ဂလာကြီးဆောင်ပြီးမှ။အလောင်းကိုသင်္ဂြိုဟ်ထိုက်သည့်တရားလမ်း။

လင်မယားထိမ်း မြားပြီးနောက်။ မင်္ဂလာကြီးမဆောင်မီ မယားသေဆုံးသော်။ အမျိုးဘာသာအစဉ်ထုံး စံကိုမပျက်အောင်။ အလောင်းကိုမသင်္ဂြိုဟ်မီမင်္ဂလာကြီးဆောင်ရမည်။ မင်္ဂလာကြီးဆောင်သည့်အခါ။ သေဆုံး၍ အလောင်းရှိသည့်အတွင်းဖြစ်ခဲ့လျှင်။ သေသူ၏လင်ယောကျ်ားက ၅ဆုတ်ဝတ်ခ။ခေါင်း ၅ဘူး။ ကြွေအိတ်ခ။ကျွေပြားများ။ ငှက်တောင်းမြီခွထားငယ်ခများကို။ ဆိုင်ရာမောင်သို့ပေး၍ ထုံးစံအတိုင်းကျွေးမွေးမင်္ဂလာကြီးပြုလုပ်ရမည်။ သေသူမိန်းမ၏ဘမိနှင့်။ဆိုင်ရာမောင်တို့ကြေနပ်လျှင်။ တဆုတ်ဝက်ပင်ဖြစ်သော်လည်းပြီး နိုင်သည်။ မကြေနပ်က ၅ဆုတ်ဝက်မပါလျှင်မပြီးနိုင်။ မင်္ဂလာကြီး ဆောင်၍ မပြီးက။ အလောင်းကိုလည်း မသင်္ဂြိုဟ်ရ။ မင်္ဂလာကြီးဆောင်ပြီးမှသင်္ဂြိုဟ်ရမည်။ အဘယ်ကြောင့်နည်းဟူမူကား။အမျိုးထုံးစံမပျက်ဆိုင်ရာမဖြတ်မကင်းအောင်။သားမြေးဆက်လက်ရန်ရှိချေသောကြောင့်တည်း။

၄၅။ "မယားသေဆုံးရာ။ မင်္ဂလာကြီးမဆောင်ဘဲ။ မယားအလောင်းကို လင်ယောကျ်ား သင်္ဂြိုဟ်ချေသော်။ ဆိုင်ရာယောက်ဘနှင့် ယောကျမတို့ကို။ ပူဇော်ထိုက်သည့်တ ရားလမ်း။

မယားသေဆုံးရာ။ ဆိုင်ရာ မောင်နှင့်ဘမိတို့ ကြေနပ်အောင် မင်္ဂလာကြီးမဆောင်ဘဲ။မယားအလောင်းကို သင်္ဂြိုဟ်ချေသော်။ နွားထီးခအဘိုးငွေ၃၀တိတန်ကိုပေးဆောင်စေ။၎င်းပြင်ခေါင်း ၅ဘူးနှင့် ဝက် ၅ဆုပ်ခများကို

လည်းပူဇော်စေ။နွားဝက်ခေါင်ဘူးများနှင့် ပေးလျော်ပူဇော်၍ရချေက။ သားသိုးချင်း ဆိုင်ရာမပြတ်ရ။ အစဉ်ထုံးစံအတိုင်း ဆိုင်ရာဖြစ်မြဲဖြစ်လေသည်။နွားဝက်ခေါင်ဘူးများကိုမပေးမလျော်မပူဇော်။ သေသူမိန်းမနှင့်ဆိုင်ရာမောင်တို့က။ ပေးလျော်ပူဇော်သည်ကိုမခံထို။ ဆိုင်ရာပြတ်စေထိုလျှင်ပြတ်ကင်းစေ။ငင်းဘမိနှင့်မောင်တို့က။ဆိုင်ရာမပြတ်ထို။ အပေးအလျော်အပူဇော်ကိုခံထိုသည်ဆိုလျှင်။ မပေးမလျော်မနေသာ။ ပေးလျော်စေ။အဘဲယ်ကြောင့်နည်းဟူမူကား။ သေသူမိန်းမ၏လင်ယောကျ်ားသည်။ အမျိုးထုံးစံကိုပျက်ကွက်ဆိုးသွမ်းချေသောကြောင့်တည်း။

၄၆။ ။မင်္ဂလာကြီးမဆောင်မိမယားသေဆုံး၍။ မင်္ဂလာကြီးမဆောင်ဘဲ။လင်ကသုဉ်းဖြိုဟ်ချေသော်။ဆိုင်ရာပြတ်ခြင်း။ လက်ထပ်ရာပေးဘွဲ့သည့်ပစ္စည်းများကိုပြန်ပေးဆိုက်ခြင်းတရားလမ်း။

မင်္ဂလာကြီး မဆောင်ဘဲ။ မယား အသောင်းကို လင်သကြိုဟ်သောကြောင့်။ အမျိုးထုံးစံကိုပျက်ကွက်သည့်အတွက်။သေသူမိန်းမ၏ဘမိနှင့်ဆိုင်ရာမောင်တို့က။အပေးအလျော်အပူဇော်ကိုမခံထို။ ဆိုင်ရာပြတ်ကင်းလိုသည့်အခါ။ထိမ်းမြားလက်ထပ်ရာ။ မိန်းမဘမိကပေးဘွဲ့ပါသွားသည့်ပစ္စည်းများကို။လင်ယောကျ်ားက။ သေသူမိန်းမ၏ဘမိနှင့်ဆိုင်ရာမောင်သို့အကုန်ပြန်ပေးစေ။မယားရှိစဉ်သုံးစွဲဝတ်ဆင်၍ကုန်ခဲ့သော်။ပစ္စည်းများကိုပေးကောင်းရကောင်းသည်မဆိုသာ။ ပလပ်စေ။အဘယ်ကြောင့်နည်းဟူမူကား။ အမျိုးထုံး စံကိုပျက်၍။ စိတ်နာကြီး အောင်ပြု လုပ်ချေသောကြောင့်တည်း။

၄၇။ ။မင်္ဂလာကြီးမဆောင်မိ လင်သေဆုံးရာ။ပေးကမ်းယူငင်ခြင်းတရားလမ်း။

မင်္ဂလာကြီး မဆောင်မိလင်ယောကျ်ား သေဆုံးခဲ့သော်။ မင်္ဂလာကြီးဆောင်ကောင်းသည် မဆိုသာ။ အမျိုးထုံးစံ မပျက်ရအောင်။ သေသူယောကျ်ားကိုင်ဆောင်သည့်ကြွေအိတ်ဖြစ်စေ။ အောင်းလှံဖြစ်စေ။ ထားဖြစ်စေ။ မျှားကို။ မယားမောင်သို့။ ကျန်ရှိဆိုင်ပိုင်သူမျှားကပေးစေ။ကိုင်ဆောင်သည့် ကြွေအိတ်။ ထား။ လှံမရှိသော်လည်း။ အမျိုးထုံးစံမပျက်ရအောင်။ကျန်ရှိရစ်သူနှမကပင်ပေးကမ်းစေ။ မျောင်ကလည်းအလောင်းကိုလွှမ်းရန်။လိပ်ပြာတိုင်တွင်ချည်ဆွဲရန်။ ပိုးစောင်ပေးစေ။ မကြေနပ်က။မပေးမကမ်းလိုမဆိုသာ။ ပေးကမ်းရမည်။ ကြေနပ်က။မပေးမယူနေနိုင်သည်။

အခဏာ ၄။

နှုတ်လွန်လက်ရောက်ပုတ်ခတ်၍။ပေးလျော်ပူဇော်ခြင်း အကြောင်း။

သူစိမ်းချင်း ပုတ်ခတ်ရိုက်နှက်ကြသည့် တရားအကြောင်းမှာ။မြန်မာ ဓမ္မသတ်တရားများနှင့်ထူးထွေသည်မရှိ။တညီထည်းဖြစ်၍မဆိုပြို။

၄၈။ "ဦးရိုးယောက္ခမကို။ တူသမက်နှုတ်အလွန် ဆဲရေးကျူးလွန် ချေသော်။ပူဇော်ထိုက် သည့်တရားလမ်း။

ဘိုးလင်ယောက်ျားသည်။ယောက္ခမယောက်ျားသူကိုဖြစ်စေ။မိန်းမသူ ကိုဖြစ်စေ။ ဆဲဆိုချေသော်။ အမိမောင်ယောက္ခမ ဦးရိုးဖြစ်ချေက။ ခေါင် ၅ဘူး။ဝက်၅ဆုပ်။ ကြွေအိတ်၁များနှင့်ပူဇော်စေ။များစွာလွန်ကျူးအောင် ဆဲရေးကျူးလွန်ချေက။ နွားထီး၁ အတိုးငွေ၃၀တန် ကိုလည်းပေးစေ။အ ဘယ်ကြောင့်နည်း ဟူမူကား။ အမိ၏မောင်ဦးရိုးယောက္ခမကို ဆဲရေး ကျူးလွန်ချေသောကြောင့်တည်း။

၄၉။ "တူသမက်ကို။ဦးရိုးယောက္ခမအဖြစ်ခဲ့များစွာဆဲရေးချေသော်။အ၌က်ပြေပေးကမ်း ထိုက်သည့်အကြောင်း။

ဦးရိုးယောက္ခမက။ တူသွက်ကိုဆဲရေးဆိုးမချေသော်။ အဘအရောပြု၍ ဆိုးမမြစ် ထားပိုင်သူဖြစ်သောကြောင့်။ သာမညဆဲရေးဆိုးမကာမျှနှင့်အ ဖြစ်မရှိ။ အကြောင်းမဲ့အလွန်နာကြည်းအောင်ဆဲရေးချေသော်။တူသမက် အ၌က်ပြေအောင်။ တဆယ်ဝင်ခေါင်တလုံးပေးစေ။ တဆယ်ဝင်ခေါင်တ လုံးဆိုသည်မှာ။အဘိုးဒိထိုက်လေသည့်။

၅၀။ "သူစိမ်းယောက္ခမကို။သူစိမ်းသမက်ဆဲရေးချေသော်ပူဇော်ထိုက်သည့်တရားလမ်း။

သူစိမ်းယောက္ခမကို။သူစိမ်းသွက်ဆဲချေသော်။ခေါင်၅ဘူးနှင့်။ ဝက်၅ ဆုပ်ပူဇော်စေ။ မကြေနပ်လျှင်။ ကြွေအိတ်၁လည်းထည့်ပေးစေ။ အဘယ် ကြောင့်နည်းဟူမူကား။ ဦးရိုယောက္ခမမဟုတ်။သူစိမ်းယောက္ခမဖြစ်လေ သောကြောင့်တည်း။နွားကိုမရသာလပ်စေ။.အလွန်ဆဲချေသော်။ နွား၁အ ဘိုး၃၀တန်ကိုမလပ်သာ။ပေးလျော်ပူဇော်စေ။

၅၁။ "သူစိမ်းသမက်ကို။ သူစိမ်းယောက္ခမအလွန်ဆဲရေးချေသော်။ အ၌က်ပြေပေးကမ်း ထိုက်သည့်တရားလမ်း။

သူစိမ်းထွက်ကို။ သူစိမ်းယောက္ခမဆဲချေသော်။ ကြက်ထီး၁အဘိုးငဲ့ တန်။ခေါင်တဆယ်ဝင်၁အဘိုးဒိတန်။ ချင်းခေါင်းပေါင်း၁အဘိုး၅ဝဲတန်

များကိုအရှက်ပြေအောင်ပေးစေ။နွားနှင့်အလျော်ငွေမှာ။ယောကျွမပစ္စည်းကို။သမက်မစားမယူထိုက်၍ပေးလျော်စေမဆိုသာလပ်စေ။

၁၂။ ။ဆိုင်ရာနှမမောင်ကို။ဆိုင်ရာနှမလင်အလွန်ဆဲရေးချေသော်။ပူဇော်ထိုက်သည့်တရားလမ်း။

မယားမောင်ဆိုင်ရာ ယောက်ဘကို။ နှုတ်အလွန်နှမယောကျ်ားဆဲရေးချေသော်။ခေါင်ဘူးဝက်ခြဆုပ်ပူဇော်၍။ ဒုဝိတန်ထက် မလျော့နွားဒဏ်ကို လည်းပူဇော်ပေးလျော်စေ။

၁၃။ ။ဆိုင်ရာ ယောက်ဘကို။ ဆိုင်ရာ နှမမောင် အလွန်ဆဲရေး ချေသော်။ အရှက်ပြေအောင်ပေးကမ်းသင့်သည့်တရားလမ်း။

မယားမောင်ဆိုင်ရာ ယောက်ဘက။ နှမယောကျ်ားကို ဆဲချေသော်။ ဝဲတန်ကြေက်ဖဘ။ တဆယ်ဝင်ခေါင်တလုံး။ ပိုးခေါင်းပေါင်းဝများကိုပေးကမ်းစေ။ အဘယ်ကြောင့်နည်းဟူမူကား။ မယား၏မောင်ဖြစ်ချေသောကြောင့်တည်း။ ဂင်းဖေးလျော်ပူဇော်သည့်နွားကို။ စားယူမြဲထုံးမရှိချေ၍ မတူနိုင်သတည်း။ ဆိုင်သူယောက်ဘမဟုတ်ချေက။သူစိမ်းချင်းနှင့်အတူဖြစ်ချေသည့်။

လက်ရောက်ပြုလုပ်သည့်အကြောင်း။

၁၄။ ။ဦးရိုးယောကျွမကို။ တူသမက်လက်ရောက်ပြုလုပ်နာကျင်၍။ ပေးလျော်ပူဇော်ထိုက်သည့်တရားလမ်း။

ဦးရိုးယောကျွမကို။ တူသွက် လက်ရောက် ပြုလုပ် ထောင်း ရိုက်ချေသော်။ဝက်ခြဆုတ်ဘ။ခေါင်ဘူးများနှင့်။ နွားဒအဘိုးဖိုဝိတန်ထက်မသာပူဇော်ပေးလျော်စေ။ အရိုးကျိုးပျက်အင်္ဂါချွတ်ယွင်းလျှင်။မြို့မာဓမ္မသတ်စာစောင်များတွင် လာရှိသည့်အတိုင်း။ ချင်းထုံးစံမှာဆိုသည့်ပြင်။ ထပ်လောင်းပေးလျော်စေ။

၁၅။ ။သူစိမ်းယောကျွမကို။ သူစိမ်းသမက်နာကျင်အောင် ပုတ်ခတ်ရိုက်နှက်သော်။ ပေးလျော်ပူဇော်ထိုက်သည့်တရားလမ်း။

ဦးရိုးယောကျွမမဟုတ်။ သူစိမ်းယောကျွမကို။ သူစိမ်းသွက်ရိုက်နှက်ပုတ်ခတ်ချေသော်။ ခေါင်းဘူး။ဝက်ခြဆုပ်ဘမျှားနှင့်။ ဒုဝိတန်ထက်မသာနွားဒကိုပေးလျော်ပူဇော်စေ။ အရိုးကျိုးပျက်အင်္ဂါချွတ်ယွင်းသော်။မြို့မာဓမ္မသတ်တွင် မှာဆိုပညတ်သည့်အရ။ ချင်းထုံးစံဖြင်။ ထပ်လောင်းပေးလျော်စေ။

၁၆။ "နှမမောင်. ယောက်ဘကို။ နှမ့လင်ပုတ်ခတ်ရိုက်နှက်၍ နာကျင်သော်။ ပေးလျော်ပူဇော်ထိုက်သည့်တရားလမ်း။

နှမမောင် ယောက်ဘကို။ နှမ ယောကျ်ားး ရိုက်နှက်ပုတ်ခတ် လက်ရောက်ပြုချေသော်။ ခေါင်း၅ဘူး။ ဝက်၅ဆုပ်။ တောင်ပြည့်ကြွေအိတ်၁ အဘိုး၅တန်။ နွားထီး၁ အဘိုး၆၀တန်ထက်မသာ ပူဇော်ပေးလျော်စေ။ အရိုးကျိုးပျက်ကိုယ်လက်အင်္ဂါပျက်စီးချေသော်။မြန်မာဓမ္မသတ်ကျမ်းစာတွင်မှာဆိုသည့်အရ။ချင်းထုံးစံပြင်။ထပ်လောင်းပေးလျော်စေ။

၁၇။ "ဆိုင်ရာ ယောက်ဘက။ နှမလင်ကို ပုတ်ခတ်နာကျင်သော်။ ပေးလျော်ထိုက်သည့်တရားလမ်း။

နှမမောင် ဆိုင်ရာ.ယောက်ဘ။ နှမယောကျ်ားးကို ရိုက်နှက် ပုတ်ခတ်လက်ရောက်ပြုချေသော်။ကြက်ဖ၁အဘိုး ဂပဲတန်။တဆယ်ဝင်ခေါင်း၁အဘိုးပဲတန်။ ပိုးလွှာစောင် ၁အဘိုး၅တန်။ ပိုးခေါင်းပေါင်း၁အဘိုး၇-ဂပဲတန်။များကိုပေးလျော်စေ။အရိုးကျိုးပျက်ကိုယ်လက်အင်္ဂါချွတ်ယွင်းသော်။ မြန်မာ ဓမ္မသတ်တွင်မှာ ဆိုပညပ်သည့်အတိုင်း။ ထပ်လောင်းပေးလျော်စေ။ အဘယ်ကြောင့်မတ္ထူသနည်းဟူမူကား။ မယားမောင်သည်။ယောက်ဘမရှိခဲ့လျှင်။ ၎င်းယောက်ဘ၏မယားသားသမီးတို့ကို။ထိန်းအုပ်ကျွေးမွေးကြည့်ရှုရမည့်သူဖြစ်၍တည်း။

၁၈။ "ဦးရိုးယောက္ခမက။တူသမက်ကိုရိုက်နှက်နာကျင်သော်။ ပေးလျော်ထိုက်သည့်တရားလမ်း။

အမိမောင်ဦးရိုးယောက္ခမက။ တူသမက်ကို ရိုက်နှက်ပုတ်ခတ်လက်ရောက်ပြုချေသော်။ သာမညဖြစ်ကဆုံးမထိုက်သူဖြစ်၍ အပြစ်မရှိ။ အကြောင်းမဲ့ နာကျင်လှအောင် ပြုလုပ်ချေက တဆယ်ဝင်ခေါင်း ၁။ပိုးရှိုစောင်၁။ချင်းခေါင်းပေါင်း၁။ ကြက်ဖ၁များကို။အရှက်ပြေပေးလျော်စေ။ နွားငွေများမှာ။ ဦးရိုးယောက္ခမ ဆုံးမပိုင်သူဖြစ်၍။ မရသာလပ်စေ။ အရိုးကျိုးပျက်ကိုလက်အင်္ဂါချွတ်ယွင်းအောင်ပြုလုပ်ချေသော်။ မြန်မာဓမ္မသတ်တွင်ပညပ်မှာဆိုသည့်အရ။ ချင်းထုံးစံပြမှာသည့် ပြင်ထပ်လောင်း၍ပေးလျော်စေ။

အခဏ် ၇။

အမွေခံထိုက်သောသားတို့၏အကြောင်း။

၁၉။ "အမွေခံထိုက်သောသားသမီးတို့၏အမည်။

၁။ "လက်ထပ်မယားကြီးက။မွေးမြင်သည့်သားကြီး။

၂။ ။လက်ထပ်မယားကြီးက။မွေးမြင်သည့်သားလပ်။
၃။ ။လက်ထပ်မယားကြီးက။မွေးမြင်သည့်သားငယ်။
၄။ ။လက်ထပ်မယာကြီးက။မွေးမြင်သည့်သားထွေး။
၅။ ။လက်ထပ်မယားကြီးက။ မွေးမြင်သည့်သိုးကြီး။
၆။ ။လက်ထပ်မယားကြီးက။မွေးမြင်သည့်သိုးလပ်။
၇။ ။လက်ထပ်မယားကြီးက။မွေးမြင်သည့်သိုးငယ်။
၈။ ။လက်ထပ်မယားကြီးက။မွေးမြင်သည့်သိုးထွေး။
၉။ ။သူတထူးသားမြေးကို။သားပြုစားပါမည်ဟုခံဝန်၍ မွေးစားသည့်သား။
၁၀။ ။သူတထူးသားမြေးကို။ သိုးပြုစားပါမည်ဟုခံဝန်၍ မွေးစားသည့်သိုး။
၁၁။ ။ကောက်ယူမွေးစားသည့်သား။
၁၂။ ။ကောက်ယူမွေးစားသည့်သိုး။
၁၃။ ။ပျော်ပိုက်နေလာရာ။သားပြုစား၍ထားသည့်သား။
၁၄။ ။ပျော်ပိုက်နေလာရာ။သိုးပြုစား၍ထားသည့်သိုး။
၁၅။ ။လင်ကပါလာသည့်သား။
၁၆။ ။လင်ကပါလာသည့်သိုး။
၁၇။ ။မယားကပါလာသည့်သား။
၁၈။ ။မယားကပါလာသည့်သိုး။
၁၉။ ။မယားငယ်နှင့်မွေးမြင်သည့်သားသိုး။
၂၀။ ။အပြောင်နှင့်မွေးမြင်သည့်သားသိုး။

အပေါ်က ရေးသားခဲ့သည့် သားသိုးတို့သည်။ ဘဓိတို့ ဦးယူရန်နတ်သွင်းရာပါဝင်၍။ ဘဓိမသေဓိအကြား ၎င်းခုနှစ်နတ်က မထွက်မဲသွားနေလျှင်။အမွေခံသားသိုးဖြစ်စေ။အဘယ်ကြောင့်နည်ဟူမူကား။ ရင်နှီးကမွေးမြင်သည့်သားသိုးတို့မှာ။ဘဓိခုန်နတ်တွင်နေလျှင်အခြားသူအမွေကိုခံရန်မရှိ။ဘဓိအမွေကိုသင်္ဘံယူထိုက်ချေသည်။ အခြားသူသားသိုးတို့ကိုသားသိုးပြု၍။ခုနှစ်နတ်သွင်းရာပါဝင်။ သားသိုးပြုထားခဲ့လျှင်လည်း။၎င်းသားသိုးတို့မှာ။ ဘရင်းမိရင်းတို့အမွေကိုမခံမယူနိုင်။ ခုနှစ်နတ်ဝင်၍သားသိုးပြုလုပ်သည့် အကြောင်းနှင့်။ မိရင်းဘရင်းတို့ အမွေကင်းပြတ်ချေသောကြောင့်။အမွေခံထိုက်ချေသည်။

သားရင်းသွီးရင်းမှန်လျက်ဖြစ်စေ။အထူးသူသားသွီးကိုကောက်
ယူမွေးထားသည့်သားသွီးပြုလုပ်နေသူတို့ကိုဖြစ်စေ။
အမွေပြတ်ကင်းသည့်အကြောင်း။

၆၀။ ။သားရင်းသွီးရင်းမှန်လျက်ဖြစ်စေ။ အထူးသူသားသွီးကိုကောက်ယူမွေးထားသည့် သားသွီးပြုလုပ်နေသူတို့ကိုဖြစ်စေ။အမွေပြတ်သည့်သားသွီးများအကြောင်း။

၁။ ။လက်ထပ်မယားကြီးကမွေးမြင်သည့်သားသွီး။
၂။ ။မယားငယ်ကမွေးမြင်သည့်သားသွီး။
၃။ ။အပြောင်ကမွေးမြင်သည့်သားသွီး။
၄။ ။လင်ကပါသည့်သားသွီး။
၅။ ။မယားကပါသည့်သားသွီး။
၆။ ။သူတထူးသားကို။တောင်းယူမွေးထားသည့်သားသွီး။
၇။ ။ကောက်ယူမွေးထားသည့်သားသွီး။

အပေါ်ကရေးသားခဲ့သည့်သားသွီးတို့မှာ။ ဘမိတို့ရုန်နတ်တွင် မဝင်မနေ။ ဝင်နေသော်လည်း။ ဘမိတို့မသေမီ ငင်းရုန်နတ်ကထွက်သွား။ အခြားသူရုန်နတ်တွင် ဝင်နေချေသော်။ ဘမိတို့အမွေကို မခံမယူသာပြတ်ကင်းစေ။အဘယ်ကြောင့်နည်းဟူမူကား။ သားရင်းသွီးရင်းတို့မှာ။မိရင်းဘရင်းမှန်ပါလျက်။ဘမိဝန်ကိုမရွက်မဆောင်မလုပ်မကြွေး။ အမျိုးထုံးစံကိုဖျက်၍ထွက်သွားအခြားသူရုန်နတ်တွင်ဝင်နေချေသောကြောင့်တည်း။ ကောက်ယူမွေးစားသည့်သားသွီး။ လင်ပါမယားပါသားသွီးတို့မှာလည်း။ ငင်းနည်းတူထွက်သွားသောကြောင့်။ ဘမိအမွေကို မရရောပြတ် ကင်းချေသတည်း။

၆၁။ ။ဦးယူရုန်နတ်ဆွင်းသည့်အကြောင်း။

လက်ထပ်မယား သားသွီး တို့ကိုဖြစ်စေ။ မယားငယ် သားသွီးနှင့် အပြောင်သားသွီးတို့ကိုဖြစ်စေ။ သူတထူးသားသွီးတို့ကို တောင်းယူမွေးစားသည့်သားသွီးကိုဖြစ်စေ။ ကောက်ယူမွေးစားသည့်သားသွီးတို့ကိုဖြစ်စေ။ ပျော်ပိုက်ဝင်ရောက်၍ သားသွီးပြုထားသူတို့ကိုဖြစ်စေ။ လင်ပါမယားပါသားသွီးတို့ကိုဖြစ်စေ။ သားနှင့်လက်ထပ်၍ ပါလာသည့်ခွေးမကိုတို့ဖြစ်စေ။ဘမိဟောက္ခမတို့အိမ်တွင်။ခေါင်ဘူး။ခေါင်အိုး။ဝက်သားမျှားနှင့်ခင်းကျင်း၍။ ဦးယူရုန်နတ်သွင်းမည့်အကြောင်းနှင့်။ ဆွေကြီးမျိုးကြီးများကိုကြားပြော ဖိတ်ခေါ်။ ပဆန်း ဆရာကြီးကို လည်း ပင့်ဖိတ် လာရောက်ကြသည့်အခါ။ သားသွီးခွေးမပြုသူတို့တွင် ပါလာသည့်ခွေထည်။ငွေထည်။

အဝတ်တန်ဆာများကို။ချင်းတောင်းရှည်ထောင်ပိတွင်ထည့်သွင်း။ ခေါင်အိုးခေါင်ဘူးဝက်သားများပါ။ စားသောက်ရန်ပြင်ထားသည့်အပါးတွင်ထည့်၍။ ၎င်းပစ္စည်းနှင့်အကွ။သားသိပ်းခြေးမပြုလုပ်သူတို့ပါ။ ချည်မျှင်ပတ်ဝိုင်း။ပဆန်းဆရာကချင်းဘာသာထုံးစံတရားကိုရွတ်ဖတ်ပြီးနောက်။ စားသောက်ရန်များကိုဆိုင်ရာအထိုက် ထည့်ကျွေးပြီးငြိမ်းကြသောအခါ။ ဦးယူချုန်နုတ်သွင်းပြီး အမွေခံသားသိပ်းဖြစ်ကြလေသတည်း။

၆၂။ "ဦးယူခုန်နုတ်အသွင်းခံသော်လည်း။အမွေပုံကိုတူ၍မရမယူထိုက်သည့်အကြောင်း။

သားနှင့် လက်ထပ်၍ ပါလာသည့်ခြွေးမကို။ ဦးယူခုန်နုတ် သွင်း၍ ယောကျ်ားမအဓိပ်တွင်ထားသော်လည်း။ ယောကျ်ားအမွေကို။ လင်ရထိုက်သည့်အရာပြင်။ပိုရ၍မခံမယူရ။ လင်အရာကိုသာခံယူထိုက်ချေသည်။သို့မဟုတ်လင်သေသည့်နောက်။ယောကျ်ားမသေမီအကြား။ ၎င်းခုန်နုတ်ကမထွက်မသွား နေခဲ့လျှင်လည်း။ လင်အရာပြု၍ တရုရန္ဒိုင်သည်။ အဘယ်ကြောင့်နည်းဟူမူကား။ လင်အမွေရုရလျှင်မယား။ မယားအမွေရုရလျှင်လည်း လင်။ခံ ယူကြလေပြီ။ လင်အမွေကိုမယား ခံထိုက်ချေသည် ဖြစ်၍တည်း။

အခဏ် ဂ။

အမွေခွဲဝေပိုင်ဆိုင်ခြင်း၏အကြောင်း။

၆၃။ "ဘမိတို့အမွေကိုမခွဲးမဝေမီ။ထိန်းသိမ်းပိုင်သောသားသိပ်းတို့၏အကြောင်း။

မိဘ၂ပါးတွင်။သားကြီး။သားလပ်။သားငယ်။သားထွေး။သိပ်းကြီး။သိပ်းလပ်။သိပ်းငယ်။ သိပ်းထွေး အများရှိကြ၍။ အသိးအသိးလင်မယားပေးမြားခိုင်လုံကြရာ။အိုးအိမ်ကိုယ်စိနှင့်။ သားကြီး။သားလပ်။သားငယ်တို့ပါ။ ဘမိထံအခွင့်ပန်၍သိးခြားနေထိုင်သည်။သားထွေးမှာ။အခွင့်ပန်သော်လည်း သိးခြားနေရမြဲမရှိ။ဘမိနှင့်အတူနေထိုင်၍သာ။ အိုမစွန်းရှိသူ ဘမိတို့ကိုလုပ်ကျွေးရမည်။ ဘမိတွင်။ သက်ရှိသက်မဲ့အကွင်း အခြည်အထည်အလိပ်ရှိပစ္စည်းများကိုလည်း။ဇင်းသားထွေးကသာထိန်းသိမ်းရမည်။အခြားသားတို့မထိန်းရ။ဘမိများအိုမစွန်းရှိ၍။ အိုးအိမ်နှင့်မနေ။ သားကြီး။သိပ်းကြီး။သားလပ်။သိပ်းလပ်။ သားငယ်။သိပ်းငယ်တို့နေအိမ်တွင်။ပျော်ပိုက်ရာသွားရောက်တက်နေသော်လည်း။ အိမ်ရှင်သားသိပ်းတို့က မကျွေးမမွေးလိုလျှင်။ အမွေထိန်းသားထွေးကသာကျွေးမွေးရမည်။သားမရှိ သိပ်းသာရှိချေက။လက်ထပ်မယူသေးသည့်သိပ်း ထိန်းသိမ်းရမည်။ သိပ်းမျ်ားတို့အကုန်အ

စင်လက်ထပ်၍။ထိန်းအုပ်လုပ်ကျွေးမည့် သူမရှိကယောကျွမသြဇာကိုနာခံသည့် သွက်နှင့်အတူနေ၍။ ၎င်းသို့သွက်တို့က ထိန်းအုပ်လုပ်ကျွေးရမည်။

၄၄။ ။သားကြီး။ဘားလပ်။သားငယ်။သားထွေးတို့။အမွေပုံကိုခွဲဝေရယူခြင်းအကြောင်း။

ဘမိ၂ပါးသေ။သားကြီး။သားလပ်။သားငယ်။သားထွေး။သားအများရှိကြသော်လည်း။ကြီးသူတို့ကအစုပိုရှိ၍မရနိုင်။သားရှိသမျှနှင့် ဘမိတို့အတွက်ပါ။ ဝေပုံဝေစုအညီအမျှထားပြီးလျှင်။ အစ်ကိုကြီး ကစ၍။ တစုစီကောက်ယူ။ဘမိတို့အတွက်ကျန်တစုကို။လုပ်ကျွေးရသူသားထွေးယူစေလည်းဟူ၏။ အမိတစုအဘတမူပြု၍ပုံပြီးမှ။ ကျန်၂စုကိုသားထွေးယူစေလည်းဟူ၏။အဘယ်ကြောင့်နည်းဟူမူကား။သားကြီး။သို့ကြီးတို့။ဘမိနှင့်အတူမနေ အိုးအိမ်သီးခြားနှင့်နေထိုင်သော်လည်း။ သားထွေးမှာသီးခြားမနေရ။အိုမစွမ်းရှိသူဘမိတို့ကိုလုပ်ကျွေးပြုစုရသည်တကြောင်း။ အမျိုးထုံးစံနှင့်လျော်ညီစွာ။ ဘမိတို့သေဆုံးသည့်အခါ အလောင်းရှိသည့်အိမ်မှအလောင်းကိုမချမီအကြား။ ၎င်းသားထွေးသည်မဆင်းမသွားရ။လိပ်ပြာငွေတိုင်ကိုဥကျောင်းတွင်ထား၍။ အလောင်းပါးတွင်စောင့်ထိန်းနေထိုင်ရန်။ဝန်ရှိသူဖြစ်ချေသောကြောင့်တည်း။

၄၅။ ။သားမရှိသို့သာရှိ၍။ဘမိအမွေကိုခွဲဝေခြင်းအကြောင်း။

ဘမိ၂ပါးတို့သေ။ သားတစုံတယောက်မျှမရှိသို့သာရှိချေက။ အမွေပစ္စည်းများကျန်ရှိရာ။တဦးတယောက်သာလက်ထပ်ပြီးမိန်းမရှိ၍။ လက်မထပ်သေးသည့်သို့အများရှိခဲ့လျှင်။၎င်အမွေပုံကို။ဘမိသေဆုံးလေပြီဟူ၍မခွဲမဝေရ။ လက်မထပ်သေးသူသို့တို့ကထိန်းအုပ်ပြုစုစားသုံး နိုင်သည်။ အဘယ်ကြောင့်နည်းဟူမူကား။သို့ကိုလက်ထပ်မင်္ဂလာပြုရာ။ဘမိတို့က။ အထိုက်အလျောက်ပေးကမ်းပြုစုလိုက်ဖြစ်ရှိသည့်အတိုင်း။ လက် ထပ်ပြီးသို့ကို။ လက်ထပ်သည့်အခါ ပေးကမ်းပြုစုပြီး ဖြစ်၍။ သို့ငယ်များ ကို လက်ထပ်သည့်အခါ။ ဘမိမရှိသော်လည်းပေးကမ်းပြုစုရန် ရှိချေသောကြောင့်တည်း။

၄၆။ ။လက်ထပ်ပြီးမဟုတ်က။မခွဲမဝေနိုင်သည့်အကြောင်း။

မိဘ၂ပါးသေ။သားမရှိသို့များသာရှိချေ၍။တစုံတယောက်သောသို့မျှလက်ထပ်မယူသေးလျှင်။ အမွေပုံပစ္စည်းများကိုမခွဲမဝေရ။ ကြီးသူက ထိန်းအုပ်၍သော်။ ငယ်သူတို့ကိုလုပ်ကျွေးကြည့်ရှုပြုစုနေထိုင်ရမည်။သို့မဟုတ်သေသူ၏ ညီအစ်ကိုတို့ကထိန်းအုပ်ရမည်။ ထိန်းအုပ်နေသည့်အ

တွင်း အရွယ်ရောက်၍လက်ထပ် လင်ယူသော်။ ကျန်ရှိရစ်သည့်အမွေပုံ ပစ္စည်းအနည်း အများကို ထောက်၍။ ဘကြီးဘထွေးတို့က။ သင့်လျော် အောင် ပေးဘွဲ့လိုက်ရမည်။ သင့်လျော် အောင်ဆိုသည့် အကြောင်းမှာ။ လက်မထပ်သေးဘဲကြွင်းကျန်သူတို့ကို။ လက်ထပ်သည့်အခါပေးဘွဲ့ရန် နှင့်ထောက်ချင့်၍ ပေးဘွဲ့လိုက်ရမည်။ 'လက်မထပ်ရသေးသည့်သို့။ တ ယောက်ထက်ပို၍ရှိကအမွေပုံကိုမခွဲမဝေရ။ အစ်မကြီးကဖြစ်စေ။ဘကြီး ဘထွေးကဖြစ်စေ။ သိမ်းထားရမည်။ အဘယ်ကြောင့်နည်းဟူမူကား။ လက်မထပ်ရသေးသူတို့ကိုလက်ထပ်သည့်အခါ။ လက်ထပ်ပြီးသူတို့နည်း စရိတ်ကုန်ခံ၍ပေးဘွဲ့ရန်ရှိချေသောကြောင့်တည်း။

၎၇။ "သို့အများကျန်ရှိကျသည့်အနက်။ သို့တယောံသာလက်ထပ်မယူကြွင်းကျန်သည်ရှိ သော်။အမွေပုံကိုခွဲဝေနိုင်သည့်အကြောင်း။

ဘမိသေဆုံးရာ။ သို့အများကျန်ရှိကြသည်တွင်။ အသိုးအသိုးလက် ထပ်ယူ၍။ သို့တယောက်သာ လမ်မထပ်ရသေးဘဲ ကြွင်းကျန် ခဲ့သော်။ လက်ထပ်ပြီးသို့တို့ကိုလက်ထပ်မင်္ဂလာပြုလုပ်သည့်အခါ။ပေးဘွဲ့ကျကုန် သည့်စရိတ်နှင့်အမျှ။ လက်မထပ်သေးသူသို့ကိုလက်ထပ်ရန် နှုတ်ထားပြီး လျှင်။ကျန်အမွေပုံပစ္စည်းကို။ သို့ရှိသည့်အတိုင်း စေ့စုံအောင်အမွေပုံပြု၍ တစုစီခွဲဝေယူရမည်။ သို့ရှိသမျှလက်ထပ်၍ ပြီးခဲ့လျှင် လည်း။ ၎င်းနည်း တူခွဲဝေယူရမည်။ အံ့ဘယ်ကြောင့်နည်းဟူမူကား။ သို့မိန်းမဖြစ်၍။ သား ထွေးကဲ့သို့ထိန်းအုပ်လုပ်ကျွေးနိုင်သည်မဟုတ်။ တမိတဘထည်းကဘွား မြင်သည့်သို့းချင်းမှန်ချေသောကြောင့်တည်း။

၎၈။ "ဘမိသေ ဆုံး၍။"သားသို့းတို့အမွေခွဲဝေရသည့်အခါ။ ဘမိတို့၏အစိုးအနှင်အဆောင် အရွက် အသုန်းအဆောင်ကို။ အမွေပုံပြု၍မဝေဘဲချန်လှပ်၍။ ကျန်ပစ္စည်းများကို သားသို့းတို့ရယူနိုင်သည့်အကြောင်း။

ဘမိတို့ သေဆုံးရာ။ အဘကိုင်ဆောင် သည့်သေနတ်။ ထား။လုံ။ ဆေး တံဆေးအိုး။မောင်း။လင့်းကွင်း။ ဖလား။လင်ပန်း။ကြေပြား။ကြေစိမ်းများ ကို။အမွေပုံပြု၍မဝေရ။လုပ်ကျွေးသူသားထွေးကရစေ။ အဘယ် ကြောင့် နည်းဟူ မူကား။ သားကြီးသို့းကြီးတို့ထက် ထူးချွန်၍။ မိဘဝန်ကို ရွက် ဆောင်ရသူသားဖြစ်သောကြောင့်တည်း။ အမိဝတ်ဆင်သည့် အဝတ်အ ထည်ပတီး နားဒေါင်းများကိုလည်း။ ၎င်းသားဧတွေးကပင် သိမ်းယူထားရ မည်။ သိမ်းထားသော်လည်း။ ၎င်းသားထွေး၏မယားနှင့်သို့းတို့ကမဝတ် မဆင်မသုန်းမစွဲမယူမငင်ရ။ ဘမိတို့၏လိပ်ပြာငွေတိုင်ကိုခေါင်းတွင်ဆင့် ၍။ ဘမိအလောင်းကိုတုတ်ကြည်းသင်္ဂြိဟ်သည့်အတွက်။နှမ်တို့က။ ဝက်

ခေါင်ဘူးများနှင့် ပူဇော်လာသည့်အခါ။နွမများကိုညှိမျှသင့် လျော်အောင် အမျိုးထုံးစံနှင့်လျော်စွာ။ဂင်းမောင်ကပေးဝေထိုက်ရမည်။

၆၉။ ။အမိသေ။အဘနှင့်သားဝေရာသောတရားတပါး။

အမိသေ။ ၂ပါးရုံပိုင်ပစ္စည်းများကို။ အဘအပေါ်တွင်သားကအမွေ တောင်းသော်။ဂင်းအဘတွင်နောက်မယားမယူက။မရနိုင်။နောက်မယား ယူလျက်ရှိချေက။အမိသုန်း ဆောင်သည့်အကွင်း အခြည်အထည် အလိပ် များကို။ သားယောကျ်ားသို့အလုံးစုပုံ။ လယ်မြေဥယာန် သက်ရှိသက်မဲ့ ကြေးကျွန်ဆင်မြင်းဇွေငွေကျောက်မြက်တို့ကို ၂ပုံပုံပြီးလျှင်။တပုံကိုသား။ တပုံကိုအဘ။မိရုဘရုပြု၍ခွဲဝေယူစေ။ အဘ့ယ်ကြောင့်နှည်းဟူမူကား။မ ယားကြီးသေဆုံးရောနောက်မယားယူချေသောကြောင့်တည်း။

၇၀။ ။အမိသေ။အဘနှင့်သို့းဝေရာသောတရားတပါး။

အမိသေ။ အဘအပေါ်တွင်သို့းက အမွေ တောင်းသော်။ ဂင်းအဘ နောက်မယားမယူက။မရနိုင်။မယားယူလျက်ရှိချေက။မိမိဝတ်ဆင်သုန်း ဆောင်သည့် အကွင်းအခြည်အထည်အလိပ်များကိုသို့းရစေ။ လယ်မြေ ဥယာန်အကွင်းအခြည်အထည်အလိပ်ဇွေငွေကျောက်မြက်များကိုလည်း။ ၂ပုံခွဲ၍။တပုံကိုလက်ထပ်ပြီးသို့းဖြစ်က။ ပေးစေ။ လက်မထပ်သေးလျှင်။ သိသန့်ခြားနား၍ ဂင်းသို့းတို့ကိုပေးရန် အဘပင် သိမ်းထား။ လက်ထပ် သည့်အခါပေးစွဲစေ။တပုံကိုအဘယူငင်သုန်းစားစေ။

၇၁။ ။အဘသေ။အမိနှင့်သို့းဝေရာသောတရားတပါး။

အဘသေ။ အမိနောက်လင်မယူက။အမွေပုံပစ္စည်း များ ကိုသို့းရထို၍ တောင်းသော်လည်း။ မပေးမဝေရ။ နောက်လင်ယူလျက်ရှိချေက။ လယ် မြေဥယာန်အကွင်းအခြည်အထည် အလိပ် သက်ရှိသက်မဲ့ကြေးကျွန်ဆင် မြင်းကဲ့သို့သားဇွေငွေကျောက်မြက်များကို ၂စုစု၍။ တစုကိုသို့းသို့ပေးစေ။ လက်ထပ်လင်မရှိ သေးလျှင်။ သို့း အစုကို အမိကပင်မှတ်သားသိမ်းထား စေ။ တစုကိုအမိရယူသုံးစားစေ။ လက်ထပ်လင်ပေးသည့်အခါ။သို့းနှည်း များကိုထောက်၍ အမိကခွဲဝေပေးလိုက်စေ။ အဘအစီးအနှင်းအဆောင် အရွက်များမှာ။ သေသူအဘ၏ညီအစ်ကိုများနှင့် ဆက်လက်ချေက။ သို့း မရမယူသာ။ ဘမိနှင့် ဘထွေးတို့ကပင်ရယူစေ။ သူစိမ်းနှင့်ဆက်လက်ချေ က။ အမိမရမယူနိုင်။သို့းပင်ရစေ။

၇၂။ ။အဘသေ။အမိနှင့်သားဝေရာသောတရား။

အဘသေ။အမိနောက်လင်မယူက။အမွေပုံပစ္စည်းများကိုရလိုကြောင်း နှင့်။သားတောင်းသော်လည်း။မပေးမဝေရ။ နောက်လင်ယူချေက။ အဘ အစီးအနင်းအဆောင် အရွက်ကို။ သားအလုံးရစေ။ လယ်မြေဥယာန်အ ကွင်း အခြည် အထည် အလိပ် ဆင်မြင်း ကျွဲနွားသက်ရှိပစ္စည်း။ ဤငွေ ကျောက်မြက်သက်မဲ့ပစ္စည်းများကို။ ထက်ဝက် ညီမျှအောင်ခွဲဝေ၍။ တစုံ ကိုသားရစေ။ငင်းသား အရွယ်မရောက်ငယ်ရွယ်သူဖြစ်၍။အမိနှင့်မကွဲမ ကွာသေးလျှင်။ငင်းဝေပုံကို။ အမိကပင်မှတ်သားသိမ်းထားစေ။ငင်းသား သည်အမိထံမပျော် မနေ။ ဘကြီး ဘထွေး တို့ထံ ပျော်ပိုက် နေထိုင် ချေ သော်။ လက်ခံထိန်းအုပ်သူ ကပင်။ ငင်းအမွေပုံကို မှတ်သားသိမ်းထား စေ။ ငင်းသားလက်ထပ်မယားယူသည့်အခါဖြစ်စေ။ အရွယ်ရောက်၍မိမိ ပစ္စည်းကိုမိမိအုပ်ထိန်းနိုင်သည့်အခါဖြစ်စေ။ ငင်းအမွေပုံကိုပေးအပ်စေ။ တစုမှာအမိကရယူသုံးစားစေ။အမွေပုံကိုသားသို့ပေးသည့်အခါ။ သား အမျာ်ရှိလျှင်။ အနည်းအများကိုထောက်၍။ မှတ်ယူသိမ်းထားသူကညီမျှ အောင်ပေးကမ်းစေ။အဘယ်ကြောင့်နည်းဟူမူကား။ အမိတွင်နောက်လင် ယူချေသောကြောင့်တည်း။ ငင်းဖြင်အမိနောက်လင်သည်။ သေသူ၏ညီ အစ်ကိုဖြစ်သော်လည်း။ လင်ကြီး၏အစီးအနင်းအဆောင်အရွက်ကို မရ မယူသာ။ သားကပင်အလုံးရစေ။ အဘယ်ကြောင့်နည်းဟူမူကား။သား ရင်းဖြစ်ချေသောကြောင့်တည်း။

၇၃။ ။အမိသေ။ အဘမယားငယ်နေ။မယားကြီးသားနှင့်မယားငယ်သား။ ဝေရာသော တရားတပါး။

အမိသေ။ အဘမယားငယ်ယူသားရှိသည့်နောက်။ အဘနှင့်မိထွေးတို့ ကို။ လင်ပါသားလုပ်ကိုင်ကျွေးမွေး၍အတူနေထိုင်သည့်အတွင်း။ အဘ နှင့်မိထွေးသေ ဆုံးသော်။ ကျန်ရှိရစ်သည့်အမွေဥစ္စာကို။ အထက်သား အောက်သားညီမျှယူစေ။အဘအစီးအနင်းအဆောင်အရွက်မှာ။အဘသေ ဆုံးသည့်အခါ။သားငယ်ဖြစ်သူသည်။လိပ်ပြာငွေတိုင်ကိုခေါင်းတွင်ထား ၍။အလောင်းတွင်စောင့်ထိန်းရန်တာဝန်ရှိသူဖြစ်ချေသောကြောင့်။နောက် သားရစေ။သို့မဟုတ်အဘသေဆုံးသည့်အခါ။ အထက်သားလိပ်ပြာငွေ တိုင်ကို ခေါင်း တွင် ထား၍ စောင့် ထိန်းခဲ့လျှင်။ အထက် သား ပင် ရစေ။ နောက်မယားအသုန်း အဆောင်အဝတ်တန်ဆာတို့မှာ။ နောက်သားရစေ။ အဘယ်ကြောင့်နည်းဟူမူကား။သားကြီးတွင်အမိသေဆုံး၍။အဘနှင့်ခွဲဝေ

ရယူပြီးဖြစ်၍တည်း။ ၎င်းပြောင်အထက်သားအိုးအိမ် သိုးခြောင်ခိုင်လုံနေထိုင်၍။အဘနှင့်နောက်မယားတို့ကို။ နောက်သားလုပ်ကျွေးပြုရနေထိုင်သည့်အတွင်းမှ။ အဘနှင့်နောက်မယား သေဆုံး၍ခွဲဝေရလျှင်။ ကျန်အမွေကိုလေးပုံပုံ၍။ တပုံကိုအထက်သားရစေ။ သုန်းပုံကိုနောက်သားရစေ။ အဘယ်ကြောင့်နည်းဟူမူကား။ အထက်သားတွင် အမိသေ၍ အဘနှင့်ခွဲဝေသည့်အခါ။ရယူပြီးရှိသည်တကြောင်း။၎င်းပြောင်နောက်သားမှာ။အမိဝန်ကိုရွက်ဆောင်ပြုစုလုပ်ကျွေးရသူဖြစ်ချေသောကြောင့်တည်း။

၎၄။ ။သားသေ၍။ အဘနှင့်ခြွေးမပေါင်းသင်းရာ။ ခြွေးမသားနှင့်။ သားရင်းတို့ဝေရာသောတရားပါး။

အမိသေသားသို့ရှိ။သားကြီးသော။ခြွေးမနှင့်ယောကျ္ဍမပေါင်းဘက်၍။ သားသို့မွေး။ ခြွေးမ။ ယောကျ္ဍမတို့သော။ မယားကြီးသားနှင့်။ ခြွေးမသားတို့ခွဲဝေရန်အကြောင်းမှာ။ မယားကြီးသေသည့်နောက်။ ခြွေးမနှင့်လက်ဆက်သည့်အခါ။ အထက်သားသို့တို့ကို။အမိစုပြု၍။ ရှိဥစ္စာကိုတဝက်သာခွဲဝေပေးကမ်းလျှင်။ အထက်ပါရင်းပစ္စည်းကို။ မယားကြီးသားတဝက်။ ခြွေးမသားတဝက်ရစေ။ ခြွေးမနှင့်ပေါင်းဘက်သည့်အခါ။ မယားကြီးသားများကို။ အမိစုသာမက။ အမွေပြတ်ပေးကမ်းပြီးဖြစ်လျှင်။ ခြွေးမနှင့်ပေါင်းသင်းရာ ပါရှိဖြစ်ထွန်းသည့်ပစ္စည်းများကို။ မယားကြီးသားမရသာလပ်စေ။ခြွေးမသားအလုံးရစေ။တင်မြှောက်လျှင်လည်းနည်းတူဆပ်စေ။အဘယ်ကြောင့်နည်းဟူမူကား။အထက်သားတို့ကို။ အမွေပြတ်ပေးပြီးဖြစ်၍တည်း။အထက်သားတို့ကိုအမွေပြတ်ပေးပြီးမဟုတ်။အထက်ပစ္စည်းကိုသာ အမိစုပြု၍ ပေးထားလျှင်။ အထက်ပါပစ္စည်းကို အထက်သားတဝက်။ ခြွေးမသားတဝက်။ ခြွေးမလက်ထက်မှ ဖြစ်ထွန်းသည့်ပစ္စည်းကိုငုစုရ၍။ အထက်သားတစု။ခြွေးမသားဒုစုရစေ။ တင်မြှောက်လျှင်လည်းနည်းတူဆပ်စေ။အဘယ်ကြောင့်နည်းဟူမူကား။ခြွေးမနှင့်မွေးမြင်သည့်သားငယ်မှာ။ဘမိတို့ကိုမသေမီအကြား။ လုပ်ကြွေးရမည့်တာဝန်ရှိချေသောကြောင့်တည်း။

၎၅။ ။အမိသေ။အဘမယားငယ်နေ။ အဘသေ။မိထွေးတွင်သားမရှိ။ ၎င်းမိထွေးနှင့်အဘပါသားတို့ဝေရာသောတရားတပါး။

အမိသေ။အဘနောက်မယားနေ။ အဘသေ။မိထွေးတွင်သားမရှိ။၎င်းမိထွေးနှင့် အဘပါသားဝေရာသော တရားဟူသည်ကား။ အဘသေဆုံးသည့်နောက်။ ၎င်းမိထွေးသည်အဘဦးယူခန်နတ်ကမထွက် မသွားရှိနေ

ခဲ့လျှင်။ ကျန်ရှိရစ်သည့်အမွေပုံပစ္စည်းများကို။ လင်ပါသားကခွဲဝေရယူလိုသည်မဆိုနိုင်။အဓိရင်းကဲ့သို့ လုပ်ကျွေးပြုစုနေထိုင်စေ။ မိထွေးသေမှ။ ကျန်ပစ္စည်းကိုအလုံးရစေ။ အဘသေဆုံးရာ။ သေသူ၏ ကိုယ်စားလည့် ဆက်လက်ရန်လည်းမရှိ။ ရှိသော်လည်းဆက်လက်ရန်မပြော၍။သေသူ၏ နတ်တွင် ၎င်းမိထွေးမနေနိုင်။ မိရင်းဘရင်း မောင်ရင်းရှိရာ ပြန်သွားရသော်။ အထက်ပါပစ္စည်းကိုအဆက်သားအလုံးရစေ။ လက်ထက်ပွားပစ္စည်းကိုမိထွေးအလုံးရစေ။တင်မြှောရှိလျှင်လည်းနည်းတူဆပ်စေ။အဘယ်ကြောင့်နည်းဟူမူကား။အမွေပုံကိုဆက်ခွယ်ခွဲဝေရန်သားသမီးမရှိ။ နောက်ဆက်ရန်လည်း။ ဆက်လက်ထိုက်သူမရှိ။ ၂ ဦးတာဝန်ကင်းလွတ်ချေသောကြောင့် တည်း။ ။လင်သေသည့်နောက်။ဆက်လက်မည်သူရှိ၍ပြောဆိုပါလျက်။ မိထွေးမနေ။ မိရင်းဘရင်းဆွေမျိုးရင်းတို့ထံ ထွက်သွားချေသော်။ ထုံးစံတရားကို ကျူးလွန်သည့်အတွက်။ ပါရင်းပစ္စည်းနှင့်လက်ထက်ပွားပစ္စည်းများပါ။ မိထွေးမရသာလပ်စေ။လင်ပါသားအလုံးရစေ။ အဘယ်ကြောင့်နည်းဟူမူကား။လင်သေဆုံးသည့်နောက်။ သေဆုံးသူ၏ ညီအစ်ကို။ဆိုင်ထိုက်သူတို့ဆက်လက် မည် သူရှိ၍ ပြောဆိုပါ လျက်။ အမျိုးထုံး စံကိုပျက်ကွက်ထွက်သွားချေသောကြောင့်တည်း။

၇၄ ။အဘသေ။အမိနောက်လင်ခံနေ။အမိသေ။ ဘထွေးတွင်သားမရှိ။ ၎င်းဘထွေးနှင့်အမိပါသားဝေရာသည်တရားတပါး။

အဘသေ။အမိနောက်လင်နေ။အမိသေ။ အမိပါသားသည်ဘထွေးရန်နတ်တွင်မနေက။ လက်ထက်ပွားပစ္စည်းကို။ မယားပါသား။ မရနိုင်။ ဘထွေးအလုံးရစေ။ အဘယ်ကြောင့်နည်းဟူမူကား။မယားပါသားသည်ဘထွေးရန်နတ်တွင်မ်ဝင်မနေ။သော်သူအဘနှင့်ဘိုးရင်းတို့နတ်တွင်နေ၍။ဘိုးရင်းဘရင်းတို့အမွေကိုခံချေသောကြောင့်တည်း။

(က) မယားပါသားသည်။ ဘထွေးနတ်တွင်နေသည့်အတွင်း။ အမိသေ၍ ခွဲဝေထိုလျှင်။ ဘထွေးဦးယူရန်နတ်က မထွက်မသွား။ ဘထွေးလည်းမယားမယူချေက။အမွေပုံကိုမဝေရ။ သားရင်းအဘရင်းကဲ့သို့ဖြစ်၍။ အဘကပင်သိမ်းထားစေ။ မယားပါသားလည်း။ သားရင်းနည်း အဘကိုလုပ်ကျွေးနေထိုင်စေ။ ဘထွေးသေမှ။ မယားပါ သားအလုံးရစေ။ အမိသေသည့်နောက်။ ဘထွေးနတ်ကထွက်သွားခွဲဝေထိုလျှင်။ လက်ထက်ပွားပစ္စည်းကိုငရုစု၍။ဝစုကိုသား။ ၃စုကိုဘထွေးရစေ။ တင်

မြို့ရှိလည်းနည်းတူဆပ်စေ။အဘယ်ကြောင့်နည်းဟူမူကား။အ
မိရှိစဉ်။ ဘထွေးနှတ်တွင် ဝင် နေလျက် ရှိချေ သော ကြောင့်
တည်း။

(ခ) အမိရှိစဉ်ဘထွေးနှတ်တွင် ဝင်နေသည်သားမဟုတ်က။ဘထွေး
နှင့်အမိတို့လက်ထက်ပွားပစ္စည်းကို။ မယားပါသားမရှိနိုင်။ဘ
ထွေးအလုံးရစေ။ တင်မြို့ရှိလည်း နည်းတူဆပ်စေ။ အဘယ်
ကြောင့်နည်းဟူမူကား။ ဦးယူခုန်နှတ်မရောမစပ်သိုးသန့်ခြား
နားပြီးဖြစ်ချေသောကြောင့်တည်း။ အမိပါရင်းပစ္စည်းမှာ။ ဘ
ထွေးဦးယူခုန်နှတ်တွင်ဝင်ပြီးမှ။အမိသေသည့်အခါထွက်သွား
လျှင်။အမိပါရင်းပစ္စည်းကို။ဘထွေးနှင့်မယားပါသားတို့ ၅စု
၍။တစုစီရစေ။ဘထွေးခုန်နှက်တွင်မဝင်သော်လည်း။ငင်းနည်း
ရစေ။အဘယ်ကြောင့်နည်းဟူမူကား။ အမိသေလျှင်သား။ မ
ယားသေလျှင်လင်။အမွေခံဖြစ်ချေသောကြောင့်တည်း။

(ဂ) မယားပါသားသည်။ ဘထွေးခုန်နှတ်တွင်နေသည့်အတွင်း။အ
မိသေ၍။ဘထွေးမယားယူချေသော်။ ခုန်နှတ်ကမထွက်သေး
သူဖြစ်၍။ သားရင်းနည်း။ လက်ထက်ပွားအမွေဥစ္စာကို။ ဘ
ထွေးတဝက်။ မယားပါသားတဝက်ရစေ။ အမိပါပစ္စည်းကို
သားအလုံးရစေ။ အဘယ်ကြောင့်နည်းဟူမူကား။သားရင်းမ
ဟုတ် သော်လည်း။ သားရင်းကဲ့သို့ခုန်နှတ်က မထွက်ရှိနေ
လျက်။ဘထွေးပြစ်သူမယားယူချေသောကြောင့်တည်း။

၇၇။ ။အဘသေ။ အမိနောက်လင်နေ။ ဘထွေးနှင့် ရသည့်သား အထက်ပါသားတို့ ဝေရာ
သောတရားတပါး။

အဘသေ။ အမိနောက်လင်နေ၍သားသို့မိုးရှိပြီးနောက်။ မိဘ ၂ ပါးသေ။
ပါရင်းနှင့်နောက်ဖြစ်ထွန်းသည့်အမွေများကို။ အဘယ်ကဲ့သို့ခွဲဝေရသ
နည်းဟူမူကား။အမိပါရင်းပစ္စည်းကို ၂ စုစု၍။ အထက်သားတစု။အောက်
သားတစုရစေလည်းဟူ၏။တနည်းကား။အမိပါသားအိုးအိမ်သိုးခြံးခိုင်
လုံ၍။အမိနှင့်ဘထွေးတို့အိုမစွမ်းရှိရာ။ နောက်သားလုပ်ကျွေးပြုစုနေထိုင်
ပြီးမှ။အမိနှင့်ဘထွေးသေ။ အမိပါရင်းအမွေကျန်ရှိရစ်သော်။ ကျန်အမွေ
ကို ၃ စုစု၍။တစုအမိပါသား။ ၂ စုနောက်သားရစေ။အဘယ်ကြောင့်နည်း
ဟူမူကား။ဘမိအိုမစွမ်းရှိရာ။ လုပ်ကျွေးမွေးမြူရသည့်သားဖြစ်ချေသော
ကြောင့်တည်း။

(က) အဓိန္ဒ္ရိယတွေးတို့ပေါင်းသင်းပြီးမှ ဖြစ်ထွန်းရှိသည့် အမွေပုံမှာ။ ဘထွေးချန်နတ်တွင်အဓိပါသားမနေက။ အဓိပါသားမရှိ၍။နောက်သားအလုံးရစေ။ချန်နတ်တွင်နေက။တဓိတဘရင်းသားကဲ့သို့ဖြစ်ချေသောကြောင့်။အဓိပါသားကြီးတစု။ဘတွေးနှင့်ရသည့်သား၂စုရစေ။ အဘယ်ကြောင့်နည်းဟူမူကား။ တဓိတဘတည်း မွေးမြင်ကြသည့် သားချင်းမှန်သော်လည်း။ညီအငယ်သည်။ ဘဓိအိုမင်းဇရာရှိသည့်အခါ။ ဘဓိတို့နှင့်မကွဲမပြားလုပ်ကျွေးရသူ ဖြစ်ချေသောကြောင့်တည်း။ အစ်ကိုမှာလည်း။ချန်နတ်ကမထွက်မသွားနေချေသောကြောင့်တည်း။

၇၈။ ။၂ပါးစုံသားရင်းသို့မဟုတ်ရင်းတို့ရှိ။ကောက်ယူမွေးစားသည့်သားနှင့်သားရင်းသို့မဟုတ်ရင်းတို့ဝေရာသောတရားတပါး။

ဓိဘတို့တွင်သားရင်းသို့မဟုတ်ရင်းရှိလျက်။အထူးသူကိုကောက်ယူ၍သားသို့ပြုလုပ်ချန်နတ်တွင်သွင်းထားရာ။ဘဓိန္ဒစ်ပါးသေ။ ကျန်အမွေကို။သားရင်းသို့မဟုတ်ရင်းတို့နှင့်ကောက်ယူမွေးစားသည့်သားတို့ညီမျှပြု။ ၎င်းပြင်ဝေဖုံတစုအဘို့ပြု၍ထားပြီးမှ။သားရင်းသို့မဟုတ်ရင်းတို့နှင့်ကောက်ယူမွေးစားသည့်သားတစုစီယူစေ။ကျန်တစုမှာ။သားငယ်ယူစေ။အဘယ်ကြောင့်နည်းဟူမူကား။ ကောက်ယူမွေးစားသည့်သားဖြစ်သော်လည်း။ ချန်နတ်တွင်သွင်း၍မကွဲမပြား သားရင်း ကဲ့သို့နေချေ သောကြောင့်။ ဓိရင်းဘရင်းတို့အမွေပြတ်ကင်းချေ၍တည်း။

(က) သားအငယ်ဖြစ်လျက်။ မည်သည့်အတွက်နှင့်နှစ်စုရယူချေသနည်းဟူမူကား။ ဘဓိအိုမစွမ်းရှိသည့်အခါ။ သားအငယ်လုပ်ကျွေး။ ဘဓိသေလွန်ခဲ့လျှင်လည်း။ သားအငယ်ကပင်ဘုတ်ကြည်းသင်္ဂြိုဟ် ရဖြဲထုံးကို ထောက်၍။ ၂စုရနိုင်ချေသတည်း။ သို့ဖြစ်လျက်။ မည်သည့် အတွက်ကြောင့်အမွေ ရထိုက်ချေသနည်းဟူမူကား။ လက်ထပ်လင်မယူသေး။ ဘဓိနတ်ကမထွက်သေးသည့် အခါ ဖြစ်၍ တကြောင်း။ လက် ထပ်လင်ယူ သော်လည်း။ လင်သေ၍ဖြစ်စေ။ရှင်းကွာ၍ဖြစ်စေ။ ဘဓိနတ်သို့ပြန်လာဝင်နေသောကြောင့်။ သို့ဖြစ်သော်လည်း ဘဓိအမွေကိုရနိုင်သည်။ လက်ထပ်လင်ရှိသည်ဖြစ်စေ။မရှိသည်ဖြစ်စေ။ဘဓိနတ်တွင်မနေက။ သို့ရင်း မှန်၍သော်လည်းမရနိုင်။ အဘယ်

ကြောင့်နည်းဟူမူကား။ ခုနှနှတ်က ထွက်သွားချေပြီဖြစ်သော ကြောင့်တည်း။

၅၉။ "အမိသေ။ အဘမယားငယ်နေ။မယားပါသား။ လင်ပါသား။နှစ်ပါးစုံသားခဲ့ဦးတို့။ ဝေရာသောတရားတပါး။

အမိသေ။ အဘမယားငယ်နေ။ မယားပါသား။ လင်ပါသား။ ၂ပါးစုံသားခဲ့ဦးတို့ဝေရာသည်တရားဟူမူကား။ မယားပါသား။ ဘထွေးခုနှနှတ်တွင်မနေက။လက်ထက်ပွားဥစ္စာကို။ ၎င်းသားနှင့်မဆိုင်ကင်းပြတ်စေ။အဘယ်ကြောင့်နည်းဟူမူကား။ ဘထွေးခုနှနှတ်တွင်မပါမဝင်။ အဘရင်း၏ခုနှနှတ်တွင်နေချေသောကြောင့်တည်း။

(က) လင်ပါသားမှာ။ အဘခုနှနှတ်က မထွက်မသွားနှိုင်။ ၂ပါးစုံသားနှင့်အတူအဘခုနှနှတ်တွင်ရှိနေရချေ၍။ အမွေပုံကိုခုစုစု။ တစုအဘပါသားရစေ။ ၂စုကို။ ၂ပါးစုံသားရစေ။ အဘယ်ကြောင့်နည်းဟူမူကား။ ၂ပါးစုံသားသည်ဘမိနှင့်မကွဲမပြား။ ၎င်းဘမိဝန်ကိုရွှက်ဆောင်ရသောကြောင့်တည်း။

(ခ) မယားပါသားဘထွေးခုနှနှတ်တွင်ရှိနေချေက။ အမွေပုံကို ၄စုစု၍။လင်ပါသားတစု။မယားပါသားတစု။ ၂ပါးစုံသား၂စု။ ရစေ။ အဘယ်ကြောင့်နည်းဟူမူကား။မယားပါသားမှာ။ ဘထွေး ခုနှနှတ်တွင်နေ၍ အဘရင်း၏အမွေကို။ ပြတ်ကင်းချေသော ကြောင့်တည်း။ အမိပါရင်းအမွေမှာ။ အမိပါသား ဘထွေးခုနှနှတ်တွင်နေသည်ဖြစ်စေ။မနေသည်ဖြစ်စေ။ မကင်းမပြတ်နှိုင်။ မယားပါအမွေပုံကိုခုစုစု၍။ တစုမယားပါသား။ ၂စုကို။ နောက်လင်နှင့်မွေးမြင်သည့် ၂ပါးစုံသားရစေ။ အဘယ်ကြောင့်နည်းဟူမူကား။ အဘအမိအိုမစွမ်းရှိသည့်အခါ။ လုပ်ကျွေးရမည့်တာဝန်။သေလျှင်။သင်္ဂြိုဟ်ရမည့်တာဝန်ရှိချေသောကြောင့်။ နောက်လင်နှင့် မွေးမြင်သည့် ၂ပါးစုံသား၂စုရနှိုင်ချေသတည်း။

(ဂ) မယားပါသားဘထွေးခုနှနှတ်တွင်မနေက။ ဘထွေးပါရင်းအမွေကို မယားပါသားမရနှိုင်။ ခုနှနှတ်တွင် နေချေသော်။ ဘထွေးပါရင်းအမွေကို၆ပုံပုံ၍။ ၃ပုံကို ၂ပါးစုံသားရစေ။ ၂စုကိုဘထွေးပါသားရစေ။တစုကိုမယားပါသားရစေ။အဘယ်ကြောင့်နည်းဟူမူကား။ လင်ပါသားမှာ။ အဘမယားယူစဉ်

အမွေစုတဝက်ကိုရယူပြီ။မယားပါသားမှာလည်း။ဘဏ္ဍာငွေးချန်နတ်တွင်နေ၍။ အဘရင်း၏ အမွေကို ပြတ်ကင်းပြီ ဖြစ်သောကြောင့်။ အထက်ခွဲဝေသည့် အတိုင်း အမွေပုံကို ရှိုင်ချေသတည်း။ ၂ပါးစုံသားဥစ္စာရသည့်အကြောင်းမှာ။ ဘမိအိုမစွမ်းရှိရာလုပ်ကျွေးရန်တာဝန်။ သေလွန်ရာ။ သင်္ကြိုတ်ရန်တာဝန်ရှိချေသောကြောင့်တည်း။

၁၀။ ။သားကြီးသားလပ်တို့သေ။ ၎င်းတို့သားသျှီးကျန်ရှိသည့်နောက်။ဘိုးဘွားတို့သေကျန်ရှိရစ်သည့် သားရင်းသျှီးရင်းများနှင့်။မြေရင်းတို့ခွဲဝေရာသောတရားတပါး။

သားကြီးသားလပ်တို့သေ။ ၎င်းတို့သ်ားသျှီးကျန်ရှိရစ်သည့် နောက်။ ဘိုးဘွားတို့သေ။ သားငယ်သားထွေးတို့ကျန်ရှိရစ်ရာ။ ဘိုးရင်းဘွားရင်းတို့အမွေကို။ သားငယ်သားထွေးတို့နှင့် မြေးရင်းတို့ဝေရန်အကြောင်းမှာ။ ဘိုးဘွားတွင် သားရှိသမျှ တစုစီပြု၍။ ဘိုးဘွားတို့အစုံတစုစုပုံပြီးနောက်။ သားရင်းသေ၍ ကျန်ရှိရစ်သည့်မြေးတို့ကတစု။ ဘိုးဘွားတို့၏သားရင်းများကတစုစီကောက်ယူ။ ကျန်ဘမိတို့ အစုကိုသားထွေးရစေ။ မြေးဖြစ်သော်လည်း။အစုမပေးမနေသာ။ ၎င်းအဘရရန် အစုကို။ ၎င်းမြေးတို့ရစေ။အဘယ်ကြောင့်နည်းဟူမူကား။သေလွန်သည့်သားမရှိလျှင်။၎င်းမြေးပင်။အမွေခံထိုက်ချေသောကြောင့်တံည်း။

၁၁။ ။မိဘ၂ပါးမသေမီကဖြစ်စေ။ သေပြီးနောက်မှဖြစ်စေ။သားသေ၍မြေးကျန်ရှိရစ်ရာ။ မြေးမနှင့်သားရင်းသျှီးရင်းတို့ဝေရာသောတရားတပါး။

သားသေသည့်နောက်။ မြေးမတွင်သားသျှီးမရှိသော်လည်း။ ယောကျ္ဘမချန်နတ်ကမထွက်မသွား။ နောက်လင်မယူနေချေက။ ၎င်းလင်ရထိုက်သည့် အမွေပုံကို။ မြေးမရယူစေ။ အဘယ်ကြောင့်နည်း ဟူမူ ကား။ ယောကျ္ဘမချန်နတ်ကမထွက်သောကြောင့်။ မိရင်းဘရင်းတို့အမွေကိုမရှိုင်။ ယောကျ္ဘမအမွေကိုသာလင်၏ ကိုယ်စား ရှိုင် ချေသတည်း။ ။ ယောကျ္ဘမချန်နတ်ကထွက်သွားသော်။ သားသျှီးရှိသည်ဖြစ်စေ။ မရှိသည်ဖြစ်စေ။ ယောကျ္ဘမအမွေကိုမြေးမမရှိုင်လပ်စေ။ အဘယ်ကြောင့်နည်း ဟူမူကား။လင်ချန်နတ်တွင်မနေ။ သေသူ၏လင် အနွယ်ကို မစောင့်ထွက်သွားချေသောကြောင့်တည်း။

၁၂။ ။သားရင်းသျှီးရင်းမှနုတ်လျက်။ဘမိတို့အမွေကိုမခံရသည့်တရားတပါး။

သားရင်းဖြစ်လျက်။ ဘမိနတ်တွင်မနေ။ အခြားသူနတ်သို့လိုက်ပါနေထိုင်ချေသော်။ဘမိအမွေကိုမရသောကင်းဖြတ်စေ။ အဘယ်ကြောင့်နည်း

ဟူမူကား။ဘမိတို့၏အမျိုးအနွယ်ကို။မစောင့်မရှောက်ဘမိဝန်ကိုမရွက်မ
ဆောင်ထွက်သွား။ပျော်ပိုက်ရာနေထိုင်ချေသောကြောင့်တည်း။

(က) သမီးမှာလည်း။ ၎င်းနည်းထွက်သွား၍။ အခြားသူနှတ်တွင်နေ
ထိုင်ချေက။ဘမိအမွေကိုမရနိုင်။ ထွက်သွားသည့်သားကဲ့သို့ကင်းပြတ်
စေ။၎င်းပြင်သမီးတွင်လက်ထပ်လင်ယူ၍လက်ထပ်စဉ်အခါ။ အထိုက်အ
လျောက်ဘမိတွင်ရှိပစ္စည်းကို။ အခြားသားများနှင့်တူမျှ လောက်အောင်
ပေးဘွဲ့လိုက်၍။ လင်၏ချန်နှတ်သို့လိုက်ပါနေထိုင်ချေက။ ဘမိတို့အမွေကို
မရသောကင်းပြတ်စေ။ ကင်းပြတ်စေဆိုသော်လည်း။အကွင်းအခြည်။ အ
ထည်အလိပ်။ ရွှေငွေနွားကျွဲများကိုခွဲဝေပေးဘွဲ့၍။ ဥယာန်လယ်ယာကိုင်း
ကျွန်းမိုးမြေတို့ကို မပေးမဘွဲ့သေးက။ ၎င်းမပေးမဘွဲ့ သေးသည့်ပစ္စည်း
အပေါ်တွင်မကင်းမပြတ်သာ။ သားကြီးသားလပ်တို့နည်း တစုရစေ။အ
